အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၂၁)

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသမှ တူးဖော်ရရှိသော ပျူအရိုး အိုးအမှတ်(၁၄)အတွင်းမှ တွေ့ရှိရသည့် ကြေးဇွန်း၊ ဓား၊ သံထည်ပစ္စည်းများနှင့် ကြေး အဖုံးနှစ်ချပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ယဉ်ကျေးမှု)

ပျူအရိုးအိုးနှင့်ရေတကောင်းများ တကောင်းဒေသ၌အစုလိုက်အပြုံလိုက်တွေ့ရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ၌ပင်တွေ့ရခဲ့သော ပစ္စည်းများဖြစ် တကောင်းဒေသကို ရှေးဦးပျူတို့နေထိုင်ရာဒေသကြီးအဖြစ်သက်သေပြနိုင်ပြီ

ရန်ကုန် ဩဂုတ် ၁၈

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ ဆင်ညှပ်ကုန်းရွာ ဦးတင်ဝင်း ယာကုန်းမှ ပျူအထောက်အထား မြေမီးဖုတ်ပစ္စည်းများနှင့် အဆောက်အအုံပန္နက်ပုံစံတို့ကို ၁၉၉၇ခုနှစ်တွင် စတင်တွေ့ရှိသည်မှ အစပြု၍ ယဉ်ကျေးမှု ဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သည် တကောင်းဒေသကို ဂရုတစိုက်ရှာဖွေလေ့လာခဲ့ရာ ၂၀၀၃ခုနှစ်တွင် တကောင်းမှ ပျူအထောက်အထားပစ္စည်းများဖြစ်သော ပျူအရိုးအိုးများ၊ ပျူပုတီးစေ့များ၊ လက်စင်ရာပါအုတ်များ၊ ကြေးပစ္စည်းများ၊ မိုးကြိုးသွား၊ သံထည်ပစ္စည်းနှင့် ပျူဒင်္ဂါးများ အဆက်မပြတ်တူးဖော်ရရှိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်းမှ တွေ့ရှိရသော ပျူအရိုးအိုးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-ယဉ်ကျေးမှု)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

မြန်မာပြည်သူ သန်းငါးဆယ်ကျော်လုံး ထမင်းငတ်နေသလိုမျိုးတို့၊ အဲသလိုတွေ လုပ်ကြံလိမ်လည် ဝါဒဖြန့်ထားတာတွေ ဘူးပေါ်သလို အလိမ်ပေါ်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းစွာနဲ့ ဖြစ်ထွန်းလာတဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုတွေ၊ သာယာဝပြော စည်ပင်မှုတွေကို နိုင်ငံတကာပြည်သူတွေရဲ့ နားထဲရောက်မှာ သေမလောက်ကြောက်နေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ ဘဝင့်ကြွေးကလဲ မသေးလှပါကလား။

ပေါက်စ၏ "လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၅၈)" ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

ပြည်သူများအသိအမြင်ဗဟုသုတ တိုးပွားလာစေရေး ကျေးလက်စာကြည့်တိုက်များ ပေါ်ထွန်းအောင် ဝိုင်းဝန်းကူညီပေး

နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးလုပ်ငန်းစဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ အမျိုးသားရေးနိုးကြားမှုနှင့်အမျိုးသားရေးအင်အားခိုင်မာ တောင့်တင်းမှု မြင့်မားရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများအား စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည် ဉာဏ်သွေး တိုးတက်စေရန်ပညာရေးနှင့် စာပေဘက်မှ ဖြည့်စွက် မြှင့်တင်ပေးရမည်ဖြစ်သည်။

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်မှုတွင် စွမ်းအားကြီးမားလှသည်။

ယခုအချိန်ကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့် တည်ဆောက်နေချိန်တွင် တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်အစဉ်အမြဲနိုးကြားတက်ကြွနေစေရန်စာပေသည် စည်းရုံးလှုံ့ဆော် အားပေးမြှင့်တင်ပေးသည့် လက်နက်ကောင်းတစ်ခုဖြစ်သည်။

အထူးသဖြင့် ပြည်သူများအား အတွေးအခေါ်မှန်ကန်စေရေး၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် စာရိတ္တမြင့်မားစေရေးအတွက် ပြည်သူ့အကျိုးပြုစာပေများကို ပြည်သူတို့ထံ လက်ဆင့်ကမ်းပေးရန် လိုအပ်ပေသည်။

ပြည်သူများ ခေတ်မီအတွေးအခေါ်၊ နည်းပညာများနှင့် မှန်ကန်သောအသိအမြင် ဗဟုသုတ တိုးပွားစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် သတင်းအချက် အလက်များ အချိန်မီရောက်ရှိပျံ့နှံ့ရေး၊ ပြန်ကြားရေးနှင့်သတင်းအချက်အလက်များ ပြည်ပသို့ထိုးဖောက် ရောက်ရှိရေးနှင့် သတင်းအချက်အလက်များ သွက်လက်ထက်မြက်ရေးတို့ကို ရည်မှန်းချက်များအဖြစ် ထားရှိဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရည်မှန်းချက်ထားဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်ရေးကိုလည်း အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနက် ကျေးလက်ဒေသအတွင်း နေထိုင်သောပြည်သူများမှာ ၇၀ ရာခိုင်နှုန်းရှိပေသည်။ ကျေးလက်နေပြည်သူများအတွက် ကျေးလက် စာကြည့်တိုက်များ ထူထောင်ပေးခြင်းသည် လျော်ကန်သင့်မြတ်လှသော မွန်မြတ်သည့်လုပ်ငန်းဖြစ်ပေသည်။ ထိုလုပ်ငန်းများ အောင်မြင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးပေးမှုများအပါအဝင် စေတနာရှင် စာပေအလှူရှင်များ ပူးပေါင်းပါဝင် လှူဒါန်းလာမှုများကိုလည်း အားတက်ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပေသည်။

ကျေးလက်စာကြည့်တိုက်များကို ပထမအဆင့်အနေဖြင့် ကျေးရွာအုပ်စုပေါင်း ၁၃၄၇၈ အုပ်စု တွင် ထူထောင်ရန်စီမံလျာထားခဲ့ရာ ယနေ့အချိန်ထိ ကျေးရွာအုပ်စု ၄၉၆၂ အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ကျေးရွာအုပ်စု ၈၅၁၆ အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရန် ကျန်ရှိနေသေးသည်။

နိုင်ငံတော်အပိုင်းက ဤသို့စေတနာ ရှေ့ထားဆောင်ရွက်ပေးနေမှုများနှင့်အတူ စေတနာရှင်များ ကလည်း ယခုထက်ပိုမိုပါဝင်လှူဒါန်းလာပါက ကျေးလက်နေပြည်သူများ စာပေနှင့်အလှမ်းမဝေးတော့ဘဲ နေ့စဉ် စာပေနှင့်ထိတွေ့မှုရှိကာ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးအသိပညာများ တိုးတက်လာပြီး လူနေမှု ဘဝမြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအမျိုးသားရေးစိတ်ဓာတ်နိုးကြားပြီး အသိအမြင်ဗဟုသုတ တိုးပွားစေမည့် စာအုပ်စာပေများ နိုင်ငံအနှံ့ရောက်ရှိကာ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည့် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များပေါ်ထွန်းလာရေးအတွက် တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၉-၈-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Factir Market (စီးပွားရေး)
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မျက်ရည်မိုး”**(အပိုင်း-၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား”**(အပိုင်း-၇)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဆရာတော်၊ သံဃာတော်များအား ဘာသာရေးနှင့်အခွန်ဝန်ကြီးဌာန တစ်နေ့တာဆွမ်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၈

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်အပါး ၄၅၀တို့အား ဘာသာရေးနှင့်အခွန်ဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနား ကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာဘာသာရေး နှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်ဇနီး၊ ဘာသာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည် ကြပြီး ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့်ဇနီး**(အပေါ်ပုံ)**၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနအကြီး အကဲများက လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။ထို့နောက် တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၀၀၀၀၀ကို ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ပေးအပ်လှူဒါန်းရာ သာသနာ တော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်ဦးစန်းလွင်က လက်ခံပြီး ဆရာတော်သံဃာ တော်များထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲ များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အလုံမြို့နယ် နံ့သာလမ်း အမှတ် ၄၀နေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးယုစိန်-ဒေါ်သန်းညွန့် မိသားစုက ဦးယုစိန်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ် တည်ဆောက် ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝိဇာတမွေးနေ့ မင်္ဂလာကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မော်လမြိုင်မြို့ မြေနီကုန်းရပ်ရှိ စိတ္တသုခကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိစိတ္တ (၅၆)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကို(ဒုတိယဝါဆိုလပြည့်) ဇူလိုင် ၃၁ ရက်က ယင်းကျောင်းတိုက် တွင် ကျင်းပရာ စေတနာရှင်၊ အလှူရှင်၊ ကျောင်းဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တထံမှ ရှစ်ပါးသီလ ခံယူဆောက် တည်ကြပြီး စေတနာရှင်၊ အလှူရှင်၊ ကျောင်း ဒါယကာ၊ ဒါယိကာမများက ဝတ္ထု၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြောင်း သိရ သည်။ **(က-ပ)**

သဘာဝငါးဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး၏ Education Zone ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန Fresh Water Fish Garden တည်ဆောက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ရနာရီခွဲတွင် ကန်တော်ကြီး ငါးဥယျာဉ်တည်ဆောက်ရေး ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ Fish Garden တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ပုစွန်မွေးမြူရေးအဖွဲ့ချုပ်အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ Fresh Water Fish Garden တည်ဆောက်မှုကြီးကြပ်ရေးကော်မတီဝင် ငါးလုပ်ငန်း ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိမ်းက Fish Garden တည်ဆောက်မှု လုပ်ငန်းအခြေအနေနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အပန်းဖြေ ဥယျာဉ်နှင့် ပညာပေးပြကွင်း ပြကွက်များ၊ သဘာဝငါးဥယျာဉ်နှင့် စမ်းချောင်းငယ်များအဖြစ် ဖန်တီးသွားမည့် အစီအစဉ်များ၊ အနုစိတ်ဆောင်ရွက်ရမည့် အခြေအနေများကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ငါးအလှပြမှန်ကန်များ တည်ဆောက်နေမှု၊ မိကျောင်းနှင့်လိပ်ကန်များတည်ဆောက်ပြီးစီးမှုနှင့် ဥယျာဉ်လျှောက်လမ်းများ ကျောက်ခင်းပြီးစီးနေမှု၊ သဘာဝဥမင်လိုဏ်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက် တန်းမြို့နယ် အသင်း၏ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက်က တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ ကျင်းပရာ တာမွေမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ အဂ္ဂဝံသ အမှူးပြုသော ပင့်သံဃာတော်များထံ အသင်းနာယက ရဲမှူးကြီးစိန်ထွန်းအောင်(ငြိမ်း)၊ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးတင့်နှင့် အသင်းသူအသင်းသားများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် အမျိုးသားရေးမူဝါဒမွန်မြတ်ပုံဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမှုဆောင်များစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၅) သင်တန်းသား ၁၀၀ အား ယနေ့မွန်းလွဲ ၁နာရီမှညနေ ၅နာရီအထိ နိုင်ငံတော် ၏အမျိုးသားရေးမူဝါဒမွန်မြတ်မှန်ကန် ပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် မှန်ကန်၍ အောင်မြင်လျက်ရှိပုံများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

သတင်းစာများတွင်ကြော်ငြာထည့်သွင်းလိုသူများ မန္တလေးမြို့၌ ကြော်ငြာလက်ခံဌာနခွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၈

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာများတွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ကြော်ငြာလက်ခံဌာနခွဲ ကို မန္တလေးမြို့တွင် ဩဂုတ် ၁၅ရက်မှစတင်၍ ဖွင့်လှစ် လက်ခံဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါသတင်းစာများတွင် စီးပွားရေး၊လူမှုရေး၊သာရေးနာရေး ကြော်ငြာထည့်သွင်းလိုသူများနှင့် ကြော်ငြာအချပ်ပိုထည့်သွင်းလိုသော ကြော်ငြာရှင်များသည် ကိုယ်ပွားသတင်းစာတိုက် မန္တလေးမြို့ ၂၀–၂၁လမ်း နှင့် ၈၂–၈၃လမ်းကြား၊ အောင်မြေသာစံမြို့နယ် ဖုန်း–၀၂–၃၂၇၂၉၊ ၀၂–၃၉၉၃၅တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဩဂုတ် ၁၈ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် (၆)ကြိမ်မြောက် အာရှအနုပညာပွဲတော်တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဦးဆောင်သည့် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော လပြည့်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၁၄)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီကမ္မဋ္ဌာန်းရိပ်သာ၌ ဩဂုတ် ၃၀ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆နှင့် ၀၅၆–၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇျူဗာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး(၁၀)ပါးကို ဆုမတောင်းဘဲရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၁–၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း– ၀၁–၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း–၀၇၁–၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့)ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(နယ်စပ်/စည်ပင်)

အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ အဘိဓမ္မာအခါတော်နေ့တွင် ရွတ်ဆိုပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်းပါဠိတော်ကောက်နုတ်ချက်များနှင့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာအုပ်များကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ပဲခူးတိုင်း၊မကွေးတိုင်း၊မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းခွဲများ၊ ဝတ်အသင်းအဖွဲ့များသို့ ပေးပို့ပြီးဖြစ်ရာ မိမိတို့နှင့်သက်ဆိုင်သည့် မြို့နယ်ဆက်သွယ်ရေးစခန်းများတွင် ဆက်သွယ်ရယူနိုင်ကြောင်းသိရသည်။

(က–ပ)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့နှင့်ပညာရေးလုပ်ငန်းအဖွဲ့တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ်၁၂ရက် နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်လေးမြင့်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ဟောပြောပို့ချမည့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ စီမံရေးရာအရာရှိများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

ဟောပြောပွဲတွင် အရိုးအဆစ် ဆယ်စုနှစ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်တို့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆေးတက္ကသိုလ်(၂)တွဲဖက်ပါမောက္ခ ဒေါက်တာချစ်စိုးက “အရိုးအဆစ်ဆယ်စုနှစ်” အကြောင်းကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ကထိက ဒေါက်တာ ခရစ်စတိုဖယ်ဆန်က “အရိုးပွခြင်း”အကြောင်းကိုလည်းကောင်း၊ အကြောအဆစ်အထူးကုပညာဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာပင်ဒိုရာအောင်ကြီးက “ခါးနာရောဂါအကြောင်းသိကောင်းစရာ”ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂) တွဲဖက်ပါမောက္ခဒေါက်တာ ချစ်စိုးက “ကျောင်းကျန်းမာရေးပညာပေး”အကြောင်းကိုလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဏ္ဍိတလမ်း အမှတ် ၃/၅ နေ ကွယ်လွန်သူ ဒေါ်သန်းသန်းမြင့်အား ရည်စူး၍ ဦးကိုကို(မြတ်သူသံပန်း၊သံတံခါး)မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် အလှူငွေကျပ်နှစ်သိန်းခုနစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်က လက်ခံယူစဉ်။ (က–ပ)

ခုခံတိုက်ခိုက်ရေးသမားများ ကန်တင့်ကားကို ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၁၇

ဘဂ္ဂဒက်ဆင်ခြေဖုံးတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ အမေရိကန်တင့်ကားတစ်စီးအား ဗုံးဖြင့်ခုခံတိုက်ခိုက်ရေးသမားများက ဖောက်ခွဲတိုက်ခိုက်သဖြင့် တင့်ကားမီးလောင်ပျက်စီးသွားသည်ဟု မျက်မြင်တွေ့ရှိသူများနှင့် အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

တင့်ကားမှတပ်ဖွဲ့ဝင်များမှာ ဒဏ်ရာအနည်းငယ်ရရုံမျှအပ လွတ်မြောက်ခဲ့ကြောင်း အမေရိကန် အမှတ်(၁) ကာဗာရီတပ်မ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဝိုင်းထား

အီရတ်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ မြို့ကြီးရှစ်မြို့ထက်မနည်းတွင် ဆူပူမှုများဖြစ်ပွားမှုနှင့် တစ်ထပ်တည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် တနင်္လာနေ့အစောပိုင်း၌ ဘဂ္ဂဒက်မြို့စွန်ရှိ ဆာဒါစီးတီးအရပ်ကို အမေရိကန်တပ်များက ဝိုင်းထားခဲ့ကြသည်။

ပျက်စီး

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ပစ်ခတ်လိုက်သော ဒုံးပစ်လောင်ချာထိမှန်သဖြင့် တင့်ကားမီးလောင်ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘာဆာရာမြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော ဗြိတိသျှ စစ်ယာဉ်တစ်စီးအနီး အောင်ပွဲခံနေသည့် အီရတ်ပြောက်ကျားတို့ကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၏စီးပွားရေးတိုးတက်မှု ၂၀၀၅ခုနှစ်တွင် ပိုမိုမြင့်မားမည်

ဂျကာတာ ဩဂုတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး တိုးတက်မြင့်မားမှုကို ယခုနှစ်ရရှိရန် ခန့်မှန်းထားသော ၄ ဒသမ ၈ရာခိုင်နှုန်းထက်ပိုလွန်၍ ၂၀၀၅ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ ရရှိရန် ခန့်မှန်းထားသည်။

ယင်းတိုးတက်မြင့်မားမှုသည် ရင်းနှီးမြှုပ်နှံမှုတိုးတက်မှုနှင့် ပို့ကုန်မြင့်မားမှုအပြင် ပြည်တွင်းစားသုံးမှု တိုးမြင့်မှုအထောက်အကူဖြင့် ဆက်လက်တည်မြဲမည်ဟု ခန့်မှန်းထားကြောင်း အောက်လွှတ်တော်၌ တနင်္လာနေ့က မိန့်ခွန်းပြောကြားစဉ် သမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့အား ကန်တပ်ဖွဲ့ဝင်များတိုက်ခိုက်မှု ဆီးရီးယားနိုင်ငံထုတ် သတင်းစာပြစ်တင်ရှုတ်ချ

ဒမတ်စကတ် ဩဂုတ် ၁၇

အီရတ်နိုင်ငံ၏ နာဂျက်ဖ်မြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခြင်းကို ဆီးရီးယားနိုင်ငံ၌ထုတ်ဝေသော အယ်လ်သော်ရာသတင်းစာက တနင်္လာနေ့၌ ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်တပ်များ အီရတ်နိုင်ငံထဲမှ အမြန်ရုပ်သိမ်းကြရန် တောင်းဆိုလိုက်သည်။

နာဂျက်ဖ်မြို့အား အမေရိကန်တို့က ဖုံးကြိတိုက်ခိုက်ခြင်းသည် အီရတ်ကိုငင်းတို့ကျူးကျော်တိုက်ခိုက်ရာ၌ ဆုံးရှုံးခဲ့ရသော စစ်ရေး၊ အကျင့်သိက္ခာနှင့် နိုင်ငံရေး ရင်းစားပြန်ရစေရန်အပြင် အီရတ်ပြည်သူတို့၏ ခုခံမှုရပ်တန့်သွားစေရန် ဖြစ်ကြောင်း သတင်းစာက ဝေဖန်ရေးသားသည်။

ရေးသား

အီရတ်နိုင်ငံအား အမေရိကန်တို့က သိမ်းခြင်းသည် အီရတ်နိုင်ငံလွတ်မြောက်ရေးအတွက် မဟုတ်ကြောင်း သက်သေပြရုံးသာမက အီရတ်နိုင်ငံ၏ အရင်းအမြစ်များနှင့် ရေနံကို မတရားယူရန် ဖြစ်ကြောင်းကိုလည်း သက်သေပြခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

တိုက်တွန်း

ထို့ပြင်သတင်းစာက အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံအား အရှေ့အလယ်ပိုင်းတွင် ယင်း၏ အခြေစိုက်စခန်းတစ်ခုဖြစ်အောင် ကြိုးပမ်းနေကြောင်း စွပ်စွဲလိုက်ပြီး အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် ကြီးမားသော မဟာဗျူဟာအမှားကြီးဖြစ်ကြောင်း ဝန်ခံရန် တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ



နာဂျက်ဖ်မြို့တွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်နေသော အီရတ်ပြောက်ကျား တစ်ဦးအား ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရန် ခုခံတိုက်ခိုက်ရေးအုပ်စုက ရက် ၂၀ အချိန်ပေးထား

ဒူဘိုင်း ဩဂုတ် ၁၇

အီရတ်နိုင်ငံတွင်းမှ အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ ထွက်ခွာသွားရန် အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက ရက် ၂၀ အချိန်ပေးထားပြီး ထိုသို့မရုပ်သိမ်းပါက အယ်လ်ဆာဗေဒိုနိုင်ငံတွင်းနှင့် အီရတ်တွင်ရှိသော တပ်ဖွဲ့ဝင်များအား တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အင်တာနက်မှ တနင်္လာနေ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အီရတ်မှထွက်ခွာရန် နောက်ဆုံးရက် သတ်မှတ်ပေးခြင်း၏ ရည်ရွယ်ချက်သည် ကိုယ်တိုင်ပြန်သုံးသပ်နိုင်ရန် အခွင့်အရေးပေးခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်ရေးအုပ်စုသည် ယခင်ကပင် အယ်လ်ဆာဗေဒိုနိုင်ငံယင်း၏ တပ်ဖွဲ့ဝင်သစ်များ အီရတ်ပို့မည့် အစီအစဉ်ကို မဖျက်သိမ်းလျှင် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားခဲ့သည်။

အယ်လ်ဆာဗေဒိုနိုင်ငံက လုံခြုံရေးကို တိုးမြှင့်ထားသော်လည်း ဩဂုတ် ၁၇ ရက်ဝန်းကျင်၌ စီစဉ်ထားသည့်အတိုင်း တပ်ဖွဲ့သစ်များ ပို့ရေးကို ဆက်လုပ်သွားမည်ဟု ပြောဆိုခဲ့သည်။

ဩဂုတ် ၁၂ ရက်၌ လုံခြုံရေးကို ပိုမိုဆောင်ရွက်ထားရန် ကမ္ဘာတစ်ဝန်းရှိ သံတမန်များအား ပြောကြားထားပြီး အီရတ်၌ရှိသော အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များအားလည်း နိုးနိုးကြားကြား ရှိကြရန် သတိပေးထားသည်။

အမ်အင်အေ၊ရိုက်တာ

တူရကီယာဉ်မောင်းနှစ်ဦး အီရတ်၌ပြန်ပေးဆွဲခံရ ပြန်ပေးဆွဲခံထားရသော လက်ဘနွန်နှစ်ဦးပြန်လွတ်လာ

အစ္စတန်ဘူလ် ဩဂုတ် ၁၇

အီရတ်တွင် လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များထံ ထောက်ပံ့ရေးပစ္စည်းများပေးပို့သော တူရကီထရပ်ကားယာဉ်တန်းကို တိုက်ခိုက်ပြီး တူရကီယာဉ်မောင်းနှစ်ဦးအား ဓားစာခံအဖြစ်ဖမ်းဆီးသွားကြောင်း ယင်းတို့၏ကုမ္ပဏီက တနင်္လာနေ့၌ ပြောကြားသည်။

ထိုအတောအတွင်း လွန်ခဲ့သည့်နှစ်ပတ်က အီရတ်၌ပြန်ပေးဆွဲခံရသော လက်ဘနွန်လူမျိုး ထရပ်ကားယာဉ်မောင်းနှစ်ဦး လွတ်မြောက်လာပြီး လက်ဘနွန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း ယင်းတို့၏ ညီအစ်ကိုတော်သူတစ်ဦးက ပြောကြားသည်။

ပြန်ပေးဆွဲသူများသည် ထရပ်ကားယာဉ်မောင်းများအား မကြာခဏ ပစ်မှတ်ထားဖမ်းဆီးခဲ့ကြပြီး ငွေကြေးသော်လည်းကောင်း အမေရိကန်စစ်ဘက်နှင့် အမေရိကန်လိုလားသော အီရတ်ကြားဖြတ်အစိုးရကို အထောက်အကူပေးသည့် လုပ်ငန်းများရပ်ဆိုင်းရန်လည်းကောင်း ထရပ်ကားယာဉ်မောင်းများ၏ အလုပ်ရှင်များအား တောင်းဆိုခဲ့ကြသည်။

မူစတာဖာကော့ဆာနှင့် ဒါမွတ်စ်ကမ်ဒါရီလီဆိုသူ တူရကီနှစ်ဦးအား ဘဂ္ဂဒက်ရှိ အမေရိကန်အခြေစိုက်စခန်းသို့ သောက်ရေဘူးများ ပို့ပေးအပြီးတွင် မိုဆူးလ်မြို့ပြင်၌ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်ဟု တူရကီတောင်ပိုင်း မာဆင်မြို့၌အခြေစိုက်သော ထရပ်ကား ပို့ဆောင်ရေးကုမ္ပဏီအရာရှိတစ်ဦးက စနေနေ့၌ပြောကြားသည်။

တူရကီယာဉ်မောင်းနှစ်ဦးပြန်ပေးဆွဲခံရကြောင်း ယာဉ်တန်းနှင့် အတူပါသွားသည့် အခြားယာဉ်မောင်း လေးဦးပြောပြ၍ သိရကြောင်း ထိုအရာရှိက ပြောသည်။

(အင်တာနက်)

အီရတ်နိုင်ငံတွင် သွေးထွက်သံယိုတိုက်ပွဲများ ရပ်တန့်ရေး ကုလကြားဝင်ဖျန်ဖြေပေးရန် အီရန်နှင့်ဆော်ဒီအာရေဗျတို့ တိုက်တွန်းပြောကြား

တီဟီရန် ဩဂုတ် ၁၇

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ သွေးထွက်သံယိုတိုက်ပွဲဖြစ်ပွားနေမှုကို ရပ်တန့်စေရေးကြားဝင်ဖျန်ဖြေပေးရန် ကုလသမဂ္ဂကို တနင်္လာနေ့က တိုက်တွန်းပြောကြားလိုက်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ကာမာလ်ခါရာဇီက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ဖုန်းဖြင့် အထက်ပါအတိုင်း မေတ္တာရပ်ခံပြောကြားလိုက်ကြောင်း အစ္စလာမ်သတင်းစာတစ်စောင်က တနင်္လာနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဆန့်ကျင်လာ

အီရန်နိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် မမှားသင့်သော အမှားများကို အမေရိကန်တို့သည် စိုးရိမ်ဖွယ်ရာတစ်ဖန်ပြုလုပ်လာသည်ကိုတွေ့ရကြောင်း၊ အင်အားအသုံးပြု၍ အီရတ်ပြည်သူများ၏သဘောထားများကို ဆန့်ကျင်လာကြကြောင်း ခါရာဇီက အာနန်အား ပြောကြားသည်ကို အဆိုပါသတင်းဌာနက ကိုးကားပြောကြားသည်။

အီရတ်နိုင်ငံအခြေအနေများသည် ဝမ်းနည်းစရာ နက်ရှိုင်းစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ သွေးထွက်သံယိုမှုများရပ်တန့်ရန် ကုလသမဂ္ဂသည် အဓိကကျကြောင်း ဆော်ဒီဝန်ကြီးအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်ကို ဆော်ဒီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆာဒါနှင့် သူ၏နောက်လိုက်များသည် လွန်ခဲ့သောသီတင်းပတ်ကျော်က အီရတ်နိုင်ငံအလယ်ပိုင်း နာဂျက်ဖ်မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူအများအပြား သေကျေခဲ့ရကြောင်း သိရှိရသည်။

(အင်တာနက်)

ဩဂုတ် ၁၇ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၉၄၃ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၁၈

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်၁၇ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ ၉၄၃ ဦး ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၀၃ဦး မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၀ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ဦး၊ အီတလီ ၁၈ဦး၊ စပိန်၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း ခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန် မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၀၅ ဦးဖြစ်ပြီး ယင်းအနက် ၅၉၄ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၁ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ဆန္ဒပြ

နာဂျက်ဖ်မြို့တွင် အယ်လ်ဆာဒါအား ထောက်ခံကြောင်း ကြွေးကြော်ဆန္ဒပြနေသူများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတွင် မတည်မငြိမ်ဖြစ်နေမှုများ
ကိုဖီအာနန် စိုးရိမ်ပူပန်နေ

ကုလသမဂ္ဂ ဩဂုတ် ၁၅

အီရတ်နိုင်ငံတွင်ဖြစ်ပွားနေသော မတည်မငြိမ်ဖြစ်နေမှုများ အထူးသဖြင့် နာဂျက်ဖ်မြို့အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန် အလွန်အမင်း စိုးရိမ်ပူပန်ကြောင်း ကိုဖီအာနန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ယင်းကျပ်တည်းသော အခြေအနေများတွင် အစွမ်းကုန် သည်းခံချုပ်တည်းကြရန်လည်း သက်ဆိုင်ရာများအားလုံးကို ထပ်မံမေတ္တာရပ်ခံလိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့၌ ပြောကြားသည်။

ယုံကြည်

ယင်းသည် တပ်ဖွဲ့အင်အား အသုံးပြုခြင်းသည် နောက်ဆုံးအခြေအနေ၌ ဖြစ်ရမည်ဆိုသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘောထားကို ရှင်းလင်းစေသည်ဟု ဆိုသည်။ အီရတ်နိုင်ငံ၏ အခြေအနေတည်ငြိမ်ရေးကို ဆွေးနွေးညှိနှိုင်းခြင်း၊ ပြန်လည်သင့်မြတ်ခြင်းဖြင့် ကြိုးစားယူရမည်ဟု ကိုဖီအာနန်က ယုံကြည်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရေးကြီး

ထို့ပြင် ငြိမ်းချမ်းသော နိုင်ငံရေး အသွင်ကူးပြောင်းမှုကို အထောက်အကူပြုရာတွင် အီရတ်လူမျိုးများအတွင်း တညီတညွတ်တည်း သဘောတူထောက်ခံမှုရရှိရန် အရေးကြီးကြောင်း ကိုဖီအာနန်က သဘောရကြောင်းလည်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

နာဂျက်ဖ်ဒေသတွင် တိုက်ပွဲများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၇

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် နာဂျက်ဖ်မြို့၌ ခိုအောင်းနေသော အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာ နာဂျက်ဖ်ဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး တနင်္ဂနွေနေ့က တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်သုံးဦးမှာ အန်နာဂျက်ဖ်ပြည်နယ်ဒေသတွင် ဩဂုတ် ၁၅ရက်၌ တိုက်ခိုက်ခံရပြီး သေဆုံးခြင်းဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ထိုတပ်ဖွဲ့ဝင်သုံးဦးသည် အမှတ်(၁၁) မရိန်းတပ်ဖွဲ့မှ ဖြစ်သည်ဟု ဆိုသည်။

နာဂျက်ဖ်မြို့တွင် ၁၂ရက်ကြာ ဖြစ်ပွားနေသော ဆူပူမှုများ အဆုံးသတ်ရေး ရည်ရွယ်လျက် ကျင်းပသည့် ဆွေးနွေးပွဲများ ပျက်ပြားသွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မော့တာဒါ အယ်လ်ဆာဒါ သစ္စာခံ တိုက်ခိုက်ရေးသမားများသည် ကြိုကြားကြိုကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွားလျက်ရှိရာ တိုက်ပွဲဝင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ အစိမ်းရောင်နယ်မြေ စိန်ပြောင်းများဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၁၇

အီရတ် ကြားဖြတ်အစိုးရကောင်စီအတွက် ကိုယ်စားလှယ်များ ရွေးချယ်ရန် အီရတ်အမျိုးသား ညီလာခံအစည်းအဝေး ကျင်းပရာတွင် နာဂျက်ဖ်မြို့၌ ဖြစ်ပွားနေသော တိုက်ပွဲအရေးကိစ္စသည် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။

ပစ်ခတ်

နိုင်ငံတစ်ဝန်း၌လည်း လုံခြုံရေးမတည်ငြိမ်မှု ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဤအတောအတွင်း ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့် အပေါင်းပါ တို့၏ ဌာနချုပ် အဆောက်အအုံတည်ရှိရာ အစိမ်းရောင်နယ်မြေကို ပစ်မှတ်ထားပြီး အီရတ်လက်နက်ကိုင် အုပ်စုက မော်တာကျည်များနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အီရတ် အမျိုးသား ညီလာခံအစည်းအဝေးတွင် အီရတ်ခေါင်းဆောင်များ အုပ်စုတစ်စုသည် ဆန္ဒပြခဲ့ကြပြီး နာဂျက်ဖ်မြို့၌ အမေရိကန်ဦးဆောင်သော ခုခံတိုက်ခိုက်မှုကို ရပ်တန်းက ရပ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ရှုတ်ချ

အီရတ် လူမျိုးစုတို့ အထွတ်အမြတ်ထားရာ ဝတ်ပြုကျောင်းပတ်ပတ်လည်တွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်ပြီး အစည်းအဝေး တက်ရောက်လာသူ တစ်ဦးကလည်း ရှုတ်ချပြောကြားခဲ့သည်။

အီရတ် ခေါင်းဆောင် မူတာဒါအယ်လ်ဆာဒါနှင့် နောက်လိုက်များက အီရတ်အမျိုးသားညီလာခံကို ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

အီရတ် ကြားဖြတ်အစိုးရနှင့် အယ်လ်ဆာဒါ လက်နက်ကိုင်များ နာဂျက်ဖ်မြို့ တိုက်ပွဲများ ရပ်ဆိုင်းရေး စေ့စပ်ညှိနှိုင်းမှုပျက်ပြားခဲ့ပြီး နာဂျက်ဖ်မြို့၌ ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများသည် အီရတ်အစိုးရ၏ ဥပဒေများကိုပါ ထိခိုက် ယိုယွင်းစေခဲ့သည်။

(စီအင်န်အင်န်)

အီရတ်တွင် လူအသေအပျောက် များပြားလာမှု ပါကစ္စတန်နိုင်ငံက အလွန်စိုးရိမ်ပူပန်ကြောင်း ပြောကြား

အစ္စလမ္မာဘတ် ဩဂုတ် ၁၅

အီရတ်တွင် လူအသေအပျောက် များပြားလာခြင်းနှင့်စပ်လျဉ်း၍ အလွန်စိုးရိမ်ပူပန်ကြောင်း ပါကစ္စတန်နိုင်ငံက သောကြာနေ့၌ ပြောကြားလိုက်ပြီး နာဂျက်ဖ်၊ ကာဘာလာနှင့် အခြားဘာသာရေး အထွတ်အမြတ်နေရာများကို အလေးထားရန် တောင်းဆိုလိုက်သည်။

ပါကစ္စတန်နိုင်ငံသည် အီရတ်အား အမေရိကန်ကျူးကျော်တိုက်ခိုက်မှုကို ဆန့်ကျင်ခဲ့ပြီး အကြမ်းဖက်မှုနှိမ်နင်းရေးတွင် အမေရိကန်၏ အပေါင်းပါဖြစ်သော်လည်း အီရတ်နိုင်ငံအား အမေရိကန်နိုင်ငံကကျူးကျော်တိုက်ခိုက်ခြင်းကို ဥပဒေနှင့်ဆန့်ကျင်သည့်လုပ်ရပ်အဖြစ် ရှုမြင်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်လေယာဉ်များနှင့် ရဟတ်ယာဉ်များ၏ အထောက်အကူယူလျက် နာဂျက်ဖ်မြို့တွင် အယ်လ်ဆာဒါ၏နောက်လိုက်များကို ကြာသပတေးနေ့က တိုက်ခိုက်ခဲ့ရာ လူ ၁၆၀ ထက်မနည်း သေဆုံးခဲ့သည်။

အမေရိကန်ကာကွယ်ရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၂၂၀၀၊ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀မှ ၁၀၀၀ အပြင် အရေအတွက်ဖော်ပြခြင်းမရှိသော အီရတ်တပ်ဖွဲ့ဝင်များ ပါဝင်တိုက်ခိုက်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်တောင်ပိုင်း၌ ရေနံတင်ပို့မှုရပ်ဆိုင်း

ဘဂ္ဂဒက် ဩဂုတ် ၁၅

ရေနံအခြေခံအဆောက်အအုံအား ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ဖောက်ခွဲတိုက်ခိုက်မည်ဆိုသော ထောက်လှမ်းရေးသတင်း ရရှိသဖြင့် အီရတ်ရေနံအာဏာပိုင်များသည် တောင်ပိုင်းရှိ အဓိကရေနံပိုက်လိုင်းမှ ရေနံတင်ပို့မှုကို ရပ်ဆိုင်းလိုက်သည်ဟု ရေနံအရာရှိတစ်ဦးက စနေနေ့၌ ပြောကြားသည်။

ဘာဆာရာတွင် အခြေအနေမကောင်းသဖြင့် ရေနံပိုက်လိုင်းကို ယမန်နေ့ညပိုင်း၌ ပိတ်ရန် အမိန့်ထုတ်ခဲ့ကြောင်း ဆောက်သ် ရေနံကုမ္ပဏီအရာရှိက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အခြေအနေမတည်ငြိမ်မှုနှင့် အီရတ်တောင်ပိုင်းရှိ အဓိက ရေနံတင်ပို့သော ပိုက်လိုင်းဖောက်ခွဲ ဖျက်ဆီးခံရမှုသည် လွန်ခဲ့သည့် ငါးရက်တွင် အီရတ်၏ ရေနံတင်ပို့မှုကို ထိခိုက်စေခဲ့သည်။

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်များက အင်အားသုံး တိုက်ခိုက်ခြင်းကို တုံ့ပြန်ရာတွင် ရေနံအခြေခံအဆောက်အအုံများကို တိုက်ခိုက်သွားရန် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏နောက်လိုက်များက သန္နိဋ္ဌာန်ချထားသည်။ **(အင်တာနက်)**

အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ အီရတ်ပြောက်ကျားများက အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ကာ မြို့တွင်းသို့ ကားဖြင့်လှည့်လည်နေသည်ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သံချပ်ကာယာဉ်မီးလောင်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားရာတွင် အမေရိကန် သံချပ်ကာယာဉ်တစ်စီး မီးလောင်ပျက်စီးသွားသည်ကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

ဝမ်းနည်း

ဘာကူဘာမြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားများ တိုက်ပွဲဖြစ်ပွားရာတွင် စိန်ပြောင်းကျည် နေအိမ်ပေါ် ကျရောက်ပေါက်ကွဲမှုကြောင့် သေဆုံးသွားသူ များအတွက် ဝမ်းနည်းငိုကြွေးနေကြသော မိသားစုဝင်များကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘေးလွတ်ရာသို့ထွက်ပြေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေး ပြုလုပ်နေစဉ်အတွင်း ဘေးလွတ်ရာသို့ထွက်ပြေးလာသော အီရတ်မိသားစုကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပစ်ခတ်တိုက်ခိုက်

ဘာဆာရာမြို့၌ အယ်လ်ဆာဒါ၏ သစ္စာခံများက ဗြိတိသျှတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသည်ကို ဩဂုတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်ရှိ ဘတ်စ်ကားဂိတ်၌ စိန်ပြောင်းကျည် သုံးလုံး ကျရောက် ပေါက်ကွဲမှုကြောင့် မော်တော်ယာဉ် တစ်စီး၏ မှန်များကွဲအက် ပျက်စီးသွားသည်ကို ဩဂုတ် ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စိုက်ပျိုးစွမ်းအား မြင့်မားစေမည့် ရေအရင်းအမြစ်များ

ကျောက်တံခါးရေလှောင်တမံ

မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ကျောက်တံခါးရေလှောင်တမံ၏ သံကူကွန်ကရစ်ရေပိုလွှဲကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

တပ်ရွာ မြစ်ရေတင်စီမံကိန်း

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် တပ်ရွာမြစ်ရေတင်စီမံကိန်းမှ ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် ဤသို့ ရေပေးဝေလျက်ရှိသည်။ (ဓာတ်ပုံ-သတင်းစဉ်)

တောင်ရေ ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်ရှိ တောင်ရေရေလှောင်တမံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း

လေ့လာရေးခရီးမှပြန်လည်ရောက်ရှိလာသည့်ဒုတိယဝန်ကြီးဦးဖေသန်းအားကြိုဆို

ရန်ကုန် ဩဂုတ် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ်၁၇ရက် ညပိုင်းတွင် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် အိန္ဒိယသမ္မတနိုင်ငံမှ ရထားလုပ်ငန်းများလေ့လာ၍ ပြန်လည်ရောက်ရှိလာသော ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

ပြန်လည်လိုက်ပါ

ဒုတိယဝန်ကြီးဦးဖေသန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ လက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ)ဦးသန်းဌေးတို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ်၁၈ရက်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်ကုန်သေတ္တာဆိပ်ကမ်းတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)၌ တပ်ဆင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေးယူနစ် ပတ်လည်ပုံနှိပ်စက်သစ်ကြီးနှစ်လုံး ကုန်သေတ္တာများအတွင်း ထည့်သွင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်း-ကျော်ဖုံး)
(သတင်းစဉ်)

ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီး အလှူတော်ငွေပေးအပ်ပွဲ ဩဂုတ် ၂၄ရက်၌ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၀၄
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အကပဒေသာ
၈း၂၀	၇။	ဖြူးချောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go
၉း၀၀	၁၀။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use.
၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၅	၈။	တေးဂီတအစီအစဉ်
၁၈း၀၀	၉။	"ဆေးလိပ်ကင်းကွာအနုပညာ" (လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊လှအဉ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
၁၀း၁၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	တေးဂီတအစီအစဉ်
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း"(အပိုင်း-၃)
၁၉း၃၅	၁၄။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၉း၄၅	၁၅။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀	၁၆။	ပြည်တွင်းသတင်းများ
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"သမုဒ္ဒရာနှင့်တူသောအချစ်"** (အပိုင်း-၁) (ဒွေး၊ ဖြိုးငွေစိုး၊ နန္ဒာလှိုင်) ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေးဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(CITES)၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့ဆက်လက်ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် သဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယသဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Ms.Atty Annalizar A.Vitug တို့က ဆောင်ရွက်ကြပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၄ ခုနှစ် အောက်တိုဘာအတွင်း ကျင်းပမည့် တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES) အဖွဲ့ဝင်နိုင်ငံများ၏ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံနိုင်ငံများက တင်ပြမည့် တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်များနှင့်ပတ်သက်သော တားမြစ်ကန့်သတ်မှုများဆိုင်ရာ အဆိုပြုလွှာ ၁၂စောင်နှင့်ပတ်သက်၍ အာဆီယံနိုင်ငံများ၏ သဘောထားကို ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာအသင်းများနှစ်လည်စည်းဝေးမည်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်များအသင်း (MCSA)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်း(MCIA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း (MCEA)တို့ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ်၂၈ ရက်(စနေနေ့) နံနက် ၈ နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park)၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးအကြံပြု

အသင်းဝင်များအားလုံး တက်ရောက်ရန်နှင့် ဆွေးနွေးအကြံပြုချက်များကို ဩဂုတ်၂၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်သို့ ပေးပို့မေးမြန်းနိုင်ကြောင်းနှင့် အစည်းအဝေးမစတင်မီ နံနက်၇နာရီခွဲတွင် ရောက်ရှိနေရာယူကြရန် မေတ္တာရပ်ခံထားကြောင်းသိရသည်။ **(က-ပ)**

■ *ကျော်ဖုံးမှ*

ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၇၅၉ ဦး၊ ပြည်ပမှ ရတနာကုန်သည် ၁၃၀ စုစုပေါင်းရတနာကုန်သည် ၈၈၉ဦး ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာနေကြသည်။

ဩဂုတ် ၁၉ရက် နံနက် ၇နာရီခွဲတွင် ကျောက်မျက်နှင့် ကျောက်စိမ်း Bargain Form များကို ဖွင့်ဖောက်မည်ဖြစ်ရာ ရတနာကုန်သည်များသည် ယင်းနေ့နံနက် ၇ နာရီနောက်ဆုံးထား၍ သတ်မှတ်ထားသည့် တင်ဒါပုံးများ၌ ထည့်သွင်းကြရမည်ဖြစ်သည်။

ရောင်းချမည်

ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆက်လက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းများကို Bargain စနစ်၊ Auction စနစ်များဖြင့် တစ်နေ့တည်းအပြီးရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးရွာဆိုင်းဘုတ်များ ကွင်းဆင်းစိုက်ထူ

ရန်ကုန် ဩဂုတ် ၁၈

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဌေးတို့သည် ဩဂုတ်၁၂ရက်က ကျေးရွာဆိုင်းဘုတ်များတစ်ပြေးညီ စိုက်ထူပြီးစီးမှု အခြေအနေများကို တစ်ရွာချင်းလိုက်လံကြည့်ရှုကြသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့မင်းကျောင်း ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား မင်္ဂလာဒုံဈေး နယူးရွှေစင် စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဦးစိုးမြင့်-ဒေါ်ခင်လေးရီတို့၏ တစ်ဦးတည်းသောသမီး မဓီတာရွှေ (ဝိုင်းမူကြို)၏ သုံးနှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ထောက်ကြံ့ကလေးပြုစုရေးဌာနသို့ အလှူငွေပေးအပ်ပွဲကို ဩဂုတ်၁၈ရက်တွင်ကျင်းပရာ အလှူငွေကျပ် ၁၀၀၀၀၀ ကို ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်မြင့်မြင့်သိန်းက လက်ခံယူစဉ်။ (က-ပ)

ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ရှိ မြစ်ကူးတံတားကြီးများအားဖြတ်သန်းမည့်ရေယာဉ်များ သက်ဆိုင်ရာတံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းသိမ်းရေးစခန်းတွင် ရေလမ်းကြောင်းဆိုင်ရာသတင်းအချက်အလက် ရယူခုတ်မောင်းကြရန်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၈

ယခုနှစ်တွင် မိုးများပြီး မြစ်ရေများကြီးသဖြင့် မြစ်တွင်းရေထုထည် စီးဆင်းမှုများ၍ ရေစီးနှုန်းမြင့်မားနေချိန်တွင် ရေယာဉ်များ၊ မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် အန္တရာယ်ကင်းစေရေးအတွက် မြစ်ရေစီးနှုန်းနှင့် ဦးတည်ရာအရပ်၊ ရေယာဉ်ခုတ်မောင်းရမည့် လမ်းကြောင်းစသည့် ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် ရေယာဉ်များ လမ်းကြောင်းမှန်ခုတ်မောင်းစေရန် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် တံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီမြစ်တွင် စစ်ကိုင်းတံတားအတွက် ရွှေကြက်ယက်တွင်လည်းကောင်း၊ ချောက်အနော်ရထာတံတားအတွက် လမ်းရွာတစ်ဖက်ကမ်းတွင်လည်းကောင်း၊ မကွေးတံတားအတွက် မြသလွန်ဘုရားအထက်တွင်လည်းကောင်း၊ ပြည်နဝဒေးတံတားအတွက် မြရွာတွင်လည်းကောင်း၊ ဗိုလ်မြတ်ထွန်းတံတားအတွက် စက္ကော့တွင်လည်းကောင်း၊ မအူပင်တံတားအတွက် အထက်တလုပ်လပ်တွင်လည်းကောင်း၊ ချင်းတွင်းမြစ်တွင် မုံရွာတံတားအတွက် အလုံတွင်လည်းကောင်း၊ ဆင်ဖြူရှင်တံတားအတွက် အမြင့်ရွာတွင်လည်းကောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းသိမ်းရေးစခန်းချထားပြီး တံတားအား ဖြတ်သန်းရမည့် ရေကြောင်းဆိုင်ရာ အချက်အလက်များ အသိပေးပြောကြားလမ်းညွှန်လျက်ရှိသည်။

သတင်းအချက်အလက်ရယူ

အထူးသဖြင့် ဖော်ပြပါ မြစ်ကူးတံတားကြီးများအား အစုန်ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် သက်ဆိုင်ရာ တံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းသိမ်းရေးစခန်းများတွင် ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်ရယူ၍ လမ်းညွှန်ချက်အတိုင်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အိန္ဒိယရုပ်ရှင်ပွဲတော်ဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၈

အိန္ဒိယရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက် အားပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အိန္ဒိယရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များ၊မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့်မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Rajiv Kumar Bhatia က အိန္ဒိယရုပ်ရှင်ပွဲတော် အထိမ်းအမှတ် ပန်းစည်းကို ပေးအပ်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြသဖျော်ဖြေ

ယင်းနောက် Mother India ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေသည်။ အိန္ဒိယရုပ်ရှင်ပွဲတော်ကို ယနေ့မှစတင်၍ ဩဂုတ် ၂၄ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ရက်အတွင်း နေ့စဉ် ညနေ ၆ နာရီခွဲ ပွဲစဉ်တိုင်းတွင် နေပြည်တော်ရုပ်ရှင်ရုံ၌ အိန္ဒိယရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ တကောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းမှ တွေ့ရှိရသော ပျူအရိုးအိုးများကို ရှေးဟောင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရှေးဟောင်းသုတေသီများ လေ့လာနေကြစဉ်။

(ဓာတ်ပုံ–ယဉ်ကျေးမှု)

■ **ရှေ့ဖုံးမှ**

ယခုအခါ အခြားပျူဒေသများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ၌ပင် တွေ့ရခဲ့သော ပျူအရိုးအိုးနှင့် ရေတကောင်းများ အစုလိုက်အပြုံလိုက်ထပ်မံတူးဖော်တွေ့ရှိပြန်သည်။ နေရာအမှတ်(၁)နှင့် အမှတ်(၂)တို့ကို တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အရှေ့တောင်ထောင့်မှတွေ့ရှိခဲ့ရာ တကောင်းဒေသကို ရှေးဦးပျူတို့နေထိုင်ရာ ဒေသကြီးအဖြစ် အခိုင်အမာသက်သေပြနိုင်ခဲ့ပြီးဖြစ်သည်။

အမှတ်(၁)နှင့် အမှတ်(၂)နေရာတို့ကိုတွေ့ရှိပုံမှာ တကောင်းအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးဝင်းမြင့်သည် ၂၀၀၄ ခုနှစ် ဇူလိုင်၃ရက်တွင် ကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့်၌ အိမ်သာကျင်းတူးရာ အနက်လေးပေအရောက်တွင် ညောင်ရေအိုးသဏ္ဍာန် အဖုံးပါရှိသည့် အိုးတစ်လုံးကိုတွေ့ရှိသည်။ အဆိုပါအိုးကို ယခင်တွေ့ရှိပြီးအရိုးအိုးများနှင့် တစ်ဆက်တည်းနံပါတ်စဉ်ပေးသတ်မှတ်ရာ ယင်းအိုးကို တကောင်းအရိုးအိုး အမှတ်(၁၁)အဖြစ် သတ်မှတ်ခဲ့သည်။ တွေ့ရှိသောနေရာအတိအကျမှာ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၉ မိနစ် ၅၅ ဒသမ ၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၄၂ ဒသမ ၇ စက္ကန့်၊ ပင်လယ်ရေမျက်နှာပြင်အထက် ၆၀၃ ပေ၌ တွေ့ရှိခြင်းဖြစ်သည်။ တကောင်းမြို့ရိုးသုံးထပ်ရှိသည့် အနက် ယခုပစ္စည်းများကို ဒုတိယမြို့ရိုး(အညာပုဂံမြို့ရိုး)အတွင်းမှ တွေ့ရှိရခြင်းဖြစ်သည်။ တကောင်း အမှတ်(၁၁) ပျူအရိုးအိုးအတွင်းမှ ကြေးခြူ၁၅လုံး၊ မြေပုတီးစေ့၁၃လုံး၊ သံလက်ကောက်တစ်ကွင်း၊ သံလက်ကောက်အပိုင်းအစများ၊ ကြေးလက်စွပ် တစ်ကွင်း၊ ငွေကွင်းနှစ်ခု၊ လိမ္မော်ရောင် ပုတီးစေ့ နှစ်စေ့၊ ခြောက်မြောင့်ဗုံရှည်ပုတီးတစ်ခု၊ စလင်ဒါပုံပုတီးစေ့တစ်စေ့၊ အဖြူရောင်ပုတီးစေ့ငယ်တစ်စေ့၊ အနက်ရောင်ပုတီးစေ့ငယ်တစ်စေ့၊ ကြွေစေ့တစ်စေ့တို့ ပါရှိသည်။

တစ်စုတစ်ဝေးတည်းရရှိ

ယင်းပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးက တကောင်းယာယီပြတိုက်ကို စောင့်ရှောက်လျက်ရှိသော လေးမျက်နှာဘုရားအကျိုးတော်ဆောင် ဆရာတော်ဦးပဏ္ဍိတနန္ဒထံတွင် အပ်နှံသိမ်းဆည်းထားရှိသည်။

ယင်းသို့တွေ့ရှိသည်ကိုအကြောင်းပြု၍ ၂၀၀၄ခုနှစ် ဩဂုတ်၁၀ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးဝေလွင်၊ ပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ စာရေးဆရာချစ်စံဝင်း၊ ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့သည် ယင်းနေရာကို ဆက်လက်တူးဖော်ရာ တကောင်းအိုး အမှတ်(၁၂)၊ အမှတ်(၁၃)၊ အမှတ် (၁၄)နှင့် အမှတ်(၁၅) တို့ကို ထပ်မံတွေ့ရှိရသည်။ ၂၀၀၄ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ယင်းနေ့ရာ၌ပင် ဆက်လက် တူးဖော်ရာ ယခင်နေ့က တူးဖော် တွေ့ရှိထားသော အိုးများအပါအဝင် ပျူအရိုးအိုးငါးလုံး၊ ရေတကောင်း ၁၆ လုံး၊ ပန်းကန်ပြားတစ်ချပ်၊ သောက်ရေခွက်တစ်လုံး စုစုပေါင်း အိုးခွက်ပစ္စည်း၂၃ မျိုးတို့ကို တစ်စုတစ်ဝေးတည်းရရှိခဲ့သည်။

အမှတ်(၁)နေရာမှ တွေ့ရှိမှုအနေအထားကို သုံးသပ်၍ ၂၀၀၄ ခုနှစ် ဩဂုတ် ၁၂ ရက်၌ မြောက်ဘက်သို့ ခြောက်ပေခန့် ဆက်လက်တူးဖော်ရာ မြေပြင်မှ အနက်နှစ်ပေတွင် ပျူအရိုးအိုးအစုအပြုံ အမှတ်(၂)နေရာကို ထပ်မံတွေ့ရှိပြီး ယင်းနေရာမှ အရိုးအိုးသုံးလုံး၊ ရေတကောင်း ကိုးလုံး စုစုပေါင်း ၁၂ လုံးကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသည်။

အမှတ်(၁)နေရာမှ တွေ့ရှိရသော ပျူအရိုးအိုး အမှတ်(၁၄)နှင့် အမှတ်(၁၅)တို့ကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပညာရှင်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်ကြည့်ရှုရာ အိုးအမှတ်(၁၄)အတွင်းမှ ဓားအကြွေး နှစ်လက်၊ ဓားအတိုတစ်လက်၊ ဓားအမင်းတစ်ခု၊ သံမှိုတစ်ချောင်း၊ ၁၁ဒသမ၅လက်မအရှည်ရှိ ကြေးဇွန်းတစ်ချောင်း၊ မြေအဖုံးတစ်ချပ်၊ ကြေးအဖုံးနှစ်ချပ်၊ ပုတီးစေ့ငယ် ၃၁ လုံး၊ တစ်လက်မအကျယ်ရှိ လေးထောင့်ရွှေပြားငယ်တစ်ချပ်၊ လူခေါင်းအခွံရိုးများ၊ မီးသင့်ပြိုဟ်ထားသော ခါးဆစ်၊ လက်ရိုး၊ ခြေရိုး၊ တင်ပါးဆုံနှင့် ခြေချောင်း လက်ချောင်းအရိုးများကို တွေ့ရှိရသည်။ အိုးအမှတ်(၁၄)သည် အမြင့် ၁၅ လက်မခွဲ၊ အချင်း ၁၂လက်မ၊ အိုးအဝခြောက်လက်မခွဲရှိပြီး အိုးတွင် ကရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေသည် အမြင့် တစ်လက်မရှိ၍ အဖုံးအမြင့်သည် သုံးလက်မ၊ အကျယ်ကိုးလက်မရှိသည်။

အိုးအမှတ်(၁၅)မှ ဓားတစ်လက်၊ သံထည်ပစ္စည်းအချို့၊ မြေမီးဖုတ်ပုတီးစေ့တစ်စေ့၊ အံသွားခြောက်ချောင်း၊ ရှေ့သွားသုံးချောင်း၊ အဆောင်ဝက်ဆွယ် လည်ဆွဲအသေးတစ်ခု၊ အစိမ်းရောင်ဗုံတိုပုတီးစေ့တစ်စေ့၊ ခြောက်မြောင့်ဖန်ပုတီးစေ့တစ်စေ့၊ ကော်ပုတီး ၁၅ စေ့၊ မြားတစ်စင်းတို့ကို ရရှိသည်။

အိုးအမှတ်(၁၅)သည် အမြင့် ၁၀ လက်မ၊ အချင်းရှစ်လက်မ၊ အိုးအဝငါးလက်မခွဲရှိပြီး အိုးတွင် အောက်ခြေကရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေအမြင့်တစ်လက်မရှိ၍ အဖုံး အမြင့်လေးလက်မနှင့် အချင်း ခုနစ်လက်မရှိသည်။

တွေ့ရှိရသော အရိုးအိုးနှင့် ရေတကောင်းများတွင် အိုးလည်ပင်း၊ အိုးနှုတ်ခမ်းသားနေရာတို့တွင် ကြက်ဖပုံနှင့် ဆွမ်းအုပ်ပုံဒီဇိုင်းများပါရှိသည်။ အရိုးအိုးကိုယ်ထည်တွင်တွေ့ရသော ဒီဇိုင်းတို့မှာ ကြောင်ခြစ်လက်ရာဒီဇိုင်း၊ မျဉ်းဖြောင့်မျဉ်းကောက်ဒီဇိုင်း၊ မှန်ကူကွက်၊ လှိုင်းတွန့်ပုံဒီဇိုင်းများ ပါရှိသည်။ အိုးအဖုံးများတွင် လက်ကိုင်ဘုသီးပါရှိသည်။ ရေတကောင်းများသည် လည်ပင်းသေး၍ အိုးအတွင်း၌ ဘာမျှမပါရှိသည်ကို တွေ့ရသည်။

သမိုင်းတန်ဖိုးကြီးမား

ယခုတွေ့ရှိရသော ပျူအရိုးအိုးများနှင့် လူ အသုံးအဆောင်ပစ္စည်းများသည် တကောင်းမြို့ဟောင်းသမိုင်းကို သုတေသနပြုလျက်ရှိကြသော သမိုင်းသုတေသီတို့အတွက် အလွန်အရေးပါသည့် သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းအထောက်အထား ပစ္စည်းများဖြစ်သည်။

တွေ့ရှိရသော အထောက်အထား ပစ္စည်းအားလုံးကို မူလနေရာ၌ပင် ပြတိုက် တည်ဆောက်ထားရှိရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီစဉ်လျက်ရှိပြီး အနီးပတ်ဝန်းကျင်နေရာများတွင် ဆက်လက်တူးဖော်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အိန္ဒိယရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဧည့်လမ်းညွှန်များနှင့်ဆက်ဆံရေးအရာရှိများတွေ့ဆုံပွဲ မပျက်မကွက်တက်ရောက်ကြရန်နှိုးဆော်

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံသို့ တက်ရောက်ကြမည့် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်များအတွက် တွဲဖက်တာဝန်ချထားမည့် ဧည့်လမ်းညွှန်များနှင့် ဆက်ဆံရေး အရာရှိများအား ဩဂုတ်၂၆ရက် (ကြာသပတေးနေ့)တွင် Sedona Hotel ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တွေ့ဆုံပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားမည်ဟုသိရသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ပေးအပ်ရန် ရွေးချယ်ခြင်းခံရသော ဂျပန်ဘာသာဧည့်လမ်းညွှန် ၁၀၈ဦးတို့သည်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ပေးအပ်မည့် ဧည့်လမ်းညွှန်များသည်လည်းကောင်း မပျက်မကွက် တက်ရောက်ကြရန်နှင့် သာသနာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်မည့် ဆက်ဆံရေးအရာရှိများ အနေဖြင့်လည်း တက်ရောက်နိုင်ကြောင်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းက အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ နှစ်လည်အစည်းအဝေး(၂/၂)ကို ရန်ကုန်မြို့ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမတွင် ဩဂုတ် ၁၄ရက်က ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ စာကြည့်တိုက်နှင့် သုတပညာရပ်ဆိုင်ရာ စာတမ်းများ ဖတ်ကြားရာ သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခဦးသိန်းလွင်က ဆောင်ရွက်ပြီး Myanmar National Library Management System Software စာတမ်းကို အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးကလည်းကောင်း၊ Myanmar e-Book အခြေအနေစာတမ်းကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်မှူး ဒေါ်နီနီအေးကလည်းကောင်း ဖတ်ကြားတင်သွင်းရာ တက်ရောက်သူများက ပါဝင်ဆွေးနွေးကြကြောင်းသိရသည်။ (၃၂၂)

ပဲခူး၊ဧရာဝတီနှင့်ရန်ကုန်တိုင်း နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၈

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ပဲခူးတိုင်း၌ နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပဲခူးမြို့တွင် ၆ဒသမ၁၀လက်မ၊ ရန်ကုန်မြို့လယ်တွင် ၂ဒသမ၆၀လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ဒသမ၄၈လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၄၄လက်မနှင့် ကျောက်ဖြူမြို့တွင် ၂ဒသမ၄၄လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ်၁၉ရက်ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ဩဂုတ် ၁၃ရက်က အမက(၁၃) ဗဟန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဆွေနှင့် အဖွဲ့က ကျောင်းကျန်းမာရေး ရက်သတ္တပတ် ကျောင်းကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ကိုယ်အလေးချိန်၊ အရပ်တိုင်းခြင်းနှင့် အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (က–ပ)

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၈)

မဟုတ်တမ်းစကားတွေနဲ့ ဖြုတ်အတန်းအစားတွေက ရမ်းကားကာ ပုတ်ခတ်ပြောပြန်ပြီပေါ့၊ လုပ်ဇာတ်နှောပလီဉာဏ် တစ်ထွာတစ်မိုက်ဆိုတော့ ပြည်မြန်မာကို မထိခိုက်ပါဘူး၊ မသတီစရာအသိစရိုက် ဉာဉ်ဆိုးအဖုံဖုံတွေနဲ့ အသွင်မျိုးစုံတွေက သခင်မျိုးဂုဏ်ဆိုတာ မြန်မာရယ်လို့ ကမ္ဘာအလယ်မှာ မမြင့်မားစေချင်ပါကလား၊ သခင့်အပါးနေကာ ကျွန်ခံသူတွေရဲ့ တွန်သံတွေကြား (အိုကွယ်)ကျုပ်တို့ မြန်မာပြည်သူတွေကတော့ ရွံကြလေသဗျား။ ။

အခုလို စာချိုးတစ်ပုဒ်နဲ့ ခြေဆင်းပဏာမလုပ်ပြီး အထုပ်ဖြေပြမှာကတော့ ၂၀၀၄ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့ည ၆နာရီမှာ VOA အသံလွှင့် ဌာနက ထုတ်လွှင့်သွားတဲ့ **လန်ဒန်မြို့၌ မြန်မာအသင်း(ယူကေ)က ကြီးမှူးကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုပြပွဲနှင့် ပတ်သက်၍ တင်ပြချက်**ဆိုတဲ့ သတင်းကြေညာချက်နှင့် အတူ VOA နဲ့ ဗျူးခန်းမှာ အရူးချေးပန်းပြောသွား၊ ဆိုသွားတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး ဝင်းနိုင်ရဲ့ လုပ်ကြံပလီတဲ့ မဟုတ်မမှန်ဒီပနီ အထုပ်အစုတ်ပဲ ဖြစ်ပါသဗျ။

အဲ-သတင်းလိုရင်းသဘောကတော့ လန်ဒန်မြို့က အိုရီယန်တယ်လ်စီတီမှာ မြန်မာအသင်း (ယူကေ)က ကြီးမှူးပြီး မြန်မာ့ယဉ်ကျေးမှုပြပွဲကျင်းပနေတာကို ဒီမိုကရေစီလိုလားသူများအဖြစ် ဆိုင်းဘုတ်တပ်၊ တံဆိပ်ကပ်ထားတဲ့ မြန်မာပြည်ပြေးနှစ်ယောက်တစ်ပိုင်းလောက်က ကန့်ကွက် ဆန္ဒပြကြတယ်ဗျာ။ အဲသဟာနဲ့ ပတ်သက်လို့ VOA က မြန်မာအသင်းဥက္ကဋ္ဌ ဦးနေဝင်းနဲ့ ဆန္ဒပြခေါင်းဆောင် ပြည်ပြေးဒေါက်တာဝင်းနိုင်ဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး အပါအဝင် အိုရီယန်တယ်လ်စီတီက ပြောခွင့်ရပုဂ္ဂိုလ် မီးစ်မေလီယန်တို့ကို ဆက်သွယ်မေးမြန်းတယ်ဗျာ။

သို့ကလို မေးမြန်းတဲ့အခါမှာ မြန်မာအသင်း(ယူကေ)ဥက္ကဋ္ဌ ဦးနေဝင်းရဲ့ အဖြေစကားကတော့ **မြန်မာအသင်းကြီး (ယူကေ)အနေနဲ့ သင်္ကြန်ပွဲလုပ်တဲ့အခါမှာ အိုရီယန်တယ်လ်စီတီပိုင်ရှင် မစ္စတာရိုနယ်လင်းက သင်္ကြန်ပွဲကိုလာပြီး မြန်မာအစားအစာတွေ စားသောက်တဲ့အကြောင်း၊ မစ္စတာရိုနယ်လင်းက မြန်မာအစားအသောက်တွေနဲ့ မြန်မာ့ယဉ်ကျေးမှုကို စိတ်ဝင်စားပြီး အိုရီယန်တယ်လ်စီတီမှာ အခုလိုပွဲမျိုးလုပ်ရင် အခမဲ့လုပ်ခွင့်ပေးမယ်လို့ ကတိပေးသွားတဲ့အတွက် မြန်မာအသင်းရန်ပုံငွေရရှိဖို့ အခုလို မြန်မာအစားအသောက်နဲ့ မြန်မာ့အနုပညာယဉ်ကျေးမှုဆိုင်ရာ ပန်းချီ၊ပန်းပု ပစ္စည်းတွေကို ဆိုင်ခန်းဖွင့်ပြီး ရောင်းချတဲ့အကြောင်း၊ ဇူလိုင်လ ၂၄ရက်နေ့ကစပြီး ဆိုင်ခန်းဖွင့်ရောင်းချတဲ့အခါမှာ မြန်မာ့ယဉ်ကျေးမှု အနုပညာကို နိုင်ငံခြားသားတွေ ပိုပြီးသိလာအောင် မြန်မာအက၊ မြန်မာသီချင်းတွေနဲ့၊ စောင်းပညာရှင် ကိုနေဝါရဲ့ လက်သံတွေနဲ့ ဖျော်ဖြေတဲ့အကြောင်း၊ နိုင်ငံခြားသားပရိသတ်များက တော်တော်နှစ်သက်တဲ့အကြောင်း၊ အထူးသဖြင့် မြန်မာသိုင်းအဖွဲ့ရဲ့ သိုင်းပညာကလဲ နိုင်ငံခြားသားတွေ အံ့သြလောက်အောင်ပြသွားတာ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ အားပေးကြတဲ့အကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အနုပညာ မြှင့်တင်ဖို့ဖြစ်ကြောင်း** ရှင်းလင်းတိကျတဲ့ အဖြေစကားပဲ ဖြစ်ပါတယ်ဗျာ။

သို့သော်လဲတဲ့ ပုဂ္ဂိုလ်အထီးအကောင်းစားကြီးဝင်းနိုင်ရဲ့ အဖြေစကားကတော့ မှတ်သားလောက်အောင် အရူးချေးပန်းသလို ရမ်းရမ်းကားကား ပုတ်ခတ်တဲ့အပြင် အမျိုးဂုဏ်ကိုဖျက်တဲ့ အမျိုးပျက်တစ်ယောက်ရဲ့ ဖောက်ပြန်တဲ့ စရိုက်ဉာဉ်ကို အတိုင်းသားမြင်နေရသဗျ။

ဘာလို့လဲဆိုတော့ သူ့အဖြေစကားက ဒီလိုပါတဲ့ခင်ဗျာ။ မြန်မာအသင်းကြီး (ယူကေ)က အခုလုပ်တဲ့ပွဲဟာ အင်ထရိဂျူးဆင်း ဂိုးလ်ဒင်းမြန်မာလို့ဆိုတဲ့ ပွဲဖြစ်တော့ မြန်မာနိုင်ငံကြီးဟာ ဘယ်လောက် သာယာဝပြောစည်ပင်နေတယ်ဆိုတာ နိုင်ငံတကာကသိအောင် မိတ်ဆက်တဲ့ပွဲဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ သန်း ၅၀ ရှိတဲ့လူတွေဟာ နိစ္စဓူဝ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဒုက္ခတွေ ခံစားနေရတာကို မျက်ကွယ်ပြုပြီး နိုင်ငံတကာနဲ့ ဆက်သွယ်ပေးတဲ့ပွဲ ဖြစ်သတဲ့ခင်ဗျာ။ အဲဒီလို ဆက်သွယ်ပေးရမယ့်အခြေအနေလဲ မဟုတ်ဘူးတဲ့ဗျာ။ နံပါတ်တစ်က အချိန်ကမှားပြီး နံပါတ်နှစ်က စစ်အာဏာရှင်သက်ဆိုးရှည်အောင် လုပ်တဲ့ပွဲဖြစ်သလို မြန်မာနိုင်ငံဟာ အကြီးအကျယ်ဆိုးနေတာကို အဖြစ်မှန် သိအောင် ဆန္ဒပြတဲ့ပွဲဖြစ်ပါသတဲ့ ခင်ဗျာ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်း ကြားသိတော်မူတဲ့အတိုင်းပါပဲ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အစားအသောက်ကအစ ယဉ်ကျေးမှုအနုပညာ ဂီတသုခုမနဲ့ ရိုးရာဓလေ့ထုံးတမ်းတွေအပါအဝင် မြန်မာ့ရိုးရာကိုယ်ခံသိုင်းပညာတွေကို နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါဖြစ်လာအောင်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာအောင် ကြိုးပမ်းမြှင့်တင်တဲ့ပွဲမျိုးတောင် ကန့်ကွက်နှောင့်ယှက်တဲ့ အလုပ်မျိုးဟာ ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ဒီမိုကရေစီလိုလားသူတွေရဲ့ ဒီမိုကရေစီရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုကြီးလားလို့ ပေါက်စနှာခေါင်းရှုံ့ပြီး မေးပါရစေခင်ဗျာ။

ဘယ့်နှယ်ဗျာ၊ ကိုယ့်မြန်မာနိုင်ငံကြီး သာယာဝပြောစည်ပင်နေတယ် ဆိုတဲ့ ဂုဏ်ယူရမယ့်မင်္ဂလာသတင်းစကားမျိုးကို နိုင်ငံတကာ ပြည်သူတွေ နားထဲရောက်ပြီး ပေါက်ကြားမသွားရေးအတွက် ဝင်းနိုင်လို ပြည်ပြေးတွေ အပါအဝင် ပြည်တွင်း၊ပြည်ပ ရှိရှိသမျှသော အဖျက်သမားပေါင်းစုံတွေက ကြိုးပမ်းပိတ်ဆို့ တားဆီးကန့်ကွက် နှောင့်ယှက်ကြမှာ ဖြစ်တယ်ဗျာ။

ဘာလို့လဲဆိုတော့ ပြည်တွင်း၊ပြည်ပ ရှိရှိသမျှသော အဖျက်သမားပေါင်းစုံတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို မလုံခြုံအောင်၊ မတည်ငြိမ်အောင်၊ ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ် ငတ်မွတ်ဆင်းရဲခြင်းဘေးဒုက္ခဖြစ်အောင် အနောက်အုပ်စုနိုင်ငံကြီးတွေက နိုင်ငံရေးဖိအားပေးဖို့၊ စီးပွားရေးပိတ်ဆို့ အရေးယူဖို့၊ အကူအညီအထောက်အပံ့ အချေးအငှားတွေ အပေးအကမ်းမလုပ်ဖို့၊ နောက်ဆုံး နိုင်ငံတကာက ဝိုင်းပယ်ပြီး အထီးကျန် နိုင်ငံဖြစ်အောင်လုပ်ဖို့အထိ တိုက်တွန်းလှုံ့ဆော်နေကြသလို တစ်ဖက်ကလဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေ ကျဆင်းဆုတ်ယုတ် ပျက်စီးနေတယ်တို့၊ မြန်မာပြည်သူ သန်းငါးဆယ်ကျော်လုံး ထမင်းငတ်နေသလိုမျိုးတို့ အဲသလိုတွေ လုပ်ကြံလိမ်လည်ဝါဒဖြန့်ထားတာတွေ ဘူးပေါ်သလို အလိမ်ပေါ်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းစွာနဲ့ ဖြစ်ထွန်းလာတဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုတွေ၊ သာယာဝပြောစည်ပင်မှုတွေကို နိုင်ငံတကာပြည်သူတွေရဲ့ နားထဲရောက်မှာ သေမလောက်ကြောက်နေတဲ့ ပြည်တွင်း၊ပြည်ပအဖျက်သမားတွေရဲ့ ဘဝင့်ကြွေးကလဲ မသေးလှပါကလားလို့ ပေါက်စစုတ်သပ်ရင်း သနားခြင်းကြီးစွာ ဖြစ်မိသဗျ။

ပေါက်စ

ရှင်းရှင်းလေးပါခင်ဗျ၊ ပေါက်စတို့မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝ စည်ပင်ဝပြောသာယာပြီး တည်ငြိမ်အေးချမ်းတိုးတက်လာတယ်ဆိုတာ လေနဲ့ပြောနေတာမဟုတ်ပါဘူးခင်ဗျာ။ လက်ရှိပကတိအခြေအနေကို ပေါက်စ ကိန်းဂဏန်းနဲ့ ထောက်ပြရရင် **၁၉၈၈ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံ ၁၆၂ခုနဲ့ မြစ်ရေတင်စီမံကိန်း ၂၆၅ခု တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ခုနှစ်က လမ်းမိုင်ပေါင်း ၁၃၆၀၀ ရှိရာက ဒီနေ့ကာလမှာ လမ်းမိုင်ပေါင်း ၁၈၆၀၀ ရှိလာတယ်ဗျာ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလမှာ မြစ်ကူးတံတားကြီးတွေအပါအဝင် တံတား ၁၇၂၈င်း တိုးတက်တည်ဆောက်နိုင်ခဲ့သလို ၁၉၈၈ ခုနှစ်မှာ တစ်နိုင်ငံလုံး ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါး ရှိခဲ့ရာက ဒီနေ့ကာလမှာ ၃၀၀၀ နီးပါးအထိ တိုးတက်လာသဗျ။ အဲသဟာအပြင် ၁၉၈၈ ခုနှစ်မှာ လေယာဉ်ကွင်း ၂၁ကွင်းရှိခဲ့ရာက ဒီနေ့ကာလမှာ ဖော်ကာ၂၈နဲ့ ဘိုးရင်း-၇၃၇ ဆင်းနိုင်တဲ့ လေယာဉ်ကွင်း ၂၉ ကွင်းရှိလာတယ်ဗျာ။**

အဲ-ရှိသေးသဗျ၊ ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ်စီမံကိန်း ၁၄ခုနဲ့ ၂၂၈ မဂ္ဂါဝပ်ပဲထုတ်လုပ်နိုင်ခဲ့ရာက ဒီနေ့ကာလ ရေအားလျှပ်စစ်စီမံကိန်း ၂၈ခု **တိုးတက်တည်ဆောက်နိုင်ခဲ့လို့ ၁၆၂မဂ္ဂါဝပ်ကျော် တိုးမြှင့်နိုင်ခဲ့သလို မဂ္ဂါဝပ် ၄၀၀ လောက်ပေးနိုင်တဲ့အပြင် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခြောက်ခု တည်ဆောက်နိုင်တဲ့အတွက် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ခုက မဂ္ဂါဝပ်၇၀၀နီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး စုစုပေါင်း ရေအားလျှပ်စစ်နဲ့ ဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀ လောက်ထုတ်လုပ်ဖြန့်ဖြူးပေးနေတယ်ဗျာ။ အဲသဟာအပြင် တည်ဆောက်နေဆဲဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်း ၁၂ခုပြီးစီးတဲ့အခါမှာ မဂ္ဂါဝပ် ၂၆၀၀ ထပ်တိုးပေးနိုင်ပြီး စုစုပေါင်းလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ကျော်ပေးနိုင်မယ်ဗျာ။**

အလားတူပဲဗျာ၊ ကျန်းမာရေးကဏ္ဍမှာလဲ ၁၉၈၈ ခုနှစ်က ဆေးရုံအကြီး၊ အလတ်၊ အသေး စုစုပေါင်း ၆၁၇ ရုံရှိခဲ့ပြီး ဒီနေ့ကာလမှာ စုစုပေါင်း ၇၇၆ရုံ အထိ တိုးတက်ဖြစ်ထွန်းလာသလို ပညာရေးကဏ္ဍအနေနဲ့ ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ၃၂ ခုရှိရာက ဒီနေ့ကာလမှာ ၁၅၆ ခုရှိလာတဲ့အပြင် ၁၉၈၈ ခုနှစ်မှာ အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်း၊ မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းရှိခဲ့ရာက ဒီနေ့ကာလမှာ အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်း၊ မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနေတယ်ဗျာ။

ပြောကြစတမ်းဆိုရင် ပေါက်စ အခုပြောတဲ့အထဲမှာ စက်မှုစီးပွားရေးတို့၊ လယ်ယာစီးပွားရေးတို့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ လူမှုစီးပွားရေးတို့ အဲသဟာတွေက ဘယ်လောက်အထိ တိုးတက်မြင့်မားလာခဲ့တယ်ဆိုတာ မပါသေးဘူးခင်ဗျ။ လက်တွေ့အရှိတရားနဲ့ အကောင်အထည်လိုက်ကြီး တွေ့နေ၊ မြင်နေ၊ သိနေတာကိုပဲ ပေါက်စသက်သေထားပြီး ပြောတာဖြစ်သဗျ။

ဘယ့်နှယ်ဗျာ၊ ဘာအထောက်အထား အခြေအမြစ်မျှမရှိဘဲ ပါးစပ်ထဲရှိသမျှ မုသာဝါဒစကားလုံးတွေနဲ့ မြန်မာနိုင်ငံမှာ ဘာတစ်ခုမျှမတိုးတက်ဖူးတို့၊ အခြေအနေဆိုးနေတယ်တို့ အဲသလိုမျိုး ခေါက်ရိုးကျိုးနေတဲ့ လုပ်ကြံလီဆယ် မဖွယ်မရာ ပုတ်ခတ်သိက္ခာချတဲ့ အလုပ်တွေကို ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက ဟားတိုက်ရယ်ရင်းနဲ့ ပျင်းတောင်ပျင်းသေးရဲ့ ခင်ဗျာ။

အဲ-ဝင်းနိုင်ဆိုသူ ဒီမိုကရေစီလိုလားသူ တံဆိပ်ကပ်ထားတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးက အခုလို မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေတဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲလုပ်တာကိုပဲ အချိန်လွဲသလေး၊ မှားသလေးနဲ့ သြဝါဒပေးပုတ်ခတ်နေတာကို ရတနာပုံခေတ်စာဆိုပညာရှိ အချုပ်တန်းဆရာဖေရဲ့ တေးထပ်တစ်ပိုဒ်နဲ့ ပေါက်စ တင်စားဂုဏ်ပြုချင်တာကတော့ **မိပစ်လို့ဖရှောင်သွေတယ် ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး** တဲ့ခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ **နိုင်ငံတကာနယ်ပယ်နဲ့ ဆက်သွယ်ထိတွေ့ပြီး ကိုယ့်လူမျိုးရဲ့ နေထိုင်စားသောက်မှု ဓလေ့တွေ၊ စာပေယဉ်ကျေးမှု အနုသုခုမ ဂီတသဘင် အစဉ်အလာတွေ၊ ရိုးရာအတတ်ပညာတွေကို မြှင့်တင်ဖော်ထုတ်တဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲမျိုးကို ဘယ်သူတွေက ဘယ်အချိန်မှာပဲ လုပ်လုပ် မြန်မာလူမျိုးမှန်သမျှ ဂုဏ်ယူဝမ်းမြောက်စွာနဲ့ မုဒိတာပွားကြမှာပဲ ဖြစ်သဗျ။**

အခုတော့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်တဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲလုပ်တာကို စစ်အစိုးရ သက်တမ်းရှည်အောင် ဝါဒဖြန့်တာလို့ ပြောလိုပြော၊ မြန်မာပြည်သူတွေ နိစ္စဓူဝဒုက္ခရောက်နေတာကို ဖုံးကွယ်တာ၊ မျက်ကွယ်ပြုတာလို့ လုပ်ကြံလီဆယ်ပြီး မဖွယ်မရာ ကန့်ကွက်တာတွေ လုပ်လိုလုပ်နဲ့ သဘောယုတ် မနောပုပ်ကြတဲ့ ဒီမိုကရေစီလိုလားသူများဟူသော ဝင်းနိုင်လို ပြည်ပြေးများအပါအဝင် မြန်မာနိုင်ငံကို နိုင်ငံတကာနဲ့အဆက်အသွယ်မရအောင် ပိတ်ဆို့တားဆီးနှောင့်ယှက်ကန့်ကွက်နေကြတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေဟာ မြန်မာ့နိုင်ငံရေး နယ်ပယ်မှာ ဘယ်လိုမျှသုံးစားမရနိုင်ပါဘူးဆိုတာ မလွဲဧကန် အမှန်တရားပါပဲခင်ဗျာ။

အဲ-ဝင်းနိုင်တို့ရဲ့ နှစ်ယောက်နဲ့တစ်ပိုင်း ဆန္ဒပြကန့်ကွက်သူတွေက ဘယ်လိုပဲ လုပ်ကြံစွပ်စွဲပုတ်ခတ်ကြပေမယ့် နောက်ဆုံးဗျူးသွားတဲ့ အိုရီယန်တယ်လ်စီတီက ပြောခွင့်ရပုဂ္ဂိုလ် မီးစ်မေလီယန်ရဲ့ ဖြေကြားတဲ့စကားကတော့ **ဈေးဝယ်သူတွေက မြန်မာအစားအစာတွေ၊ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေကို အင်မတန်စိတ်ဝင်စားကြပါတယ်။ ပြပွဲအနေနဲ့ သိပ်ပြီးအောင်မြင်တယ် လို့ ကျွန်မယူဆပါတယ်**တဲ့ ခင်ဗျား။

ကဲ-ပေါက်စ လိုရင်းသဘောနဲ့ အတိုကျဉ်းပြီး နိဂုံးကမ္ပတ်အဆုံးသတ်ရရင် ဝင်းနိုင်အပါအဝင် ပြည်ပြေးနှစ်ယောက်တစ်ပိုင်းလောက်က လန်ဒန်မြို့ အိုရီယန်တယ်လ်စီတီမှာကျင်းပခဲ့တဲ့ မြန်မာအသင်းကြီး(ယူကေ)ရဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲကို ကန့်ကွက်နှောင့်ယှက်တဲ့ ဆန္ဒပြပွဲဟာ မြန်မာတစ်မျိုးသားလုံးရဲ့ ဇာတိဂုဏ်၊ အမျိုးဂုဏ်ကို ပျက်စီးအောင်ဖျက်ဆီးတဲ့ မျိုးဖျက်တွေရဲ့ အရှက်မဲ့၊ သိက္ခာမဲ့၊ သစ္စာမဲ့အလုပ်မျိုးပဲဆိုတာ မြန်မာတစ်မျိုးသားလုံးက သိရှိသဘောပေါက်ပြီး ပြောကြားနေကြတာကတော့ ဝင်းနိုင်အပါအဝင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ ပိတ်ဆို့ဟန့်တား ကန့်ကွက်နှောင့်ယှက်မှုမှန်သမျှဟာ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** အလုပ်ကြီး အကိုင်ကြီးမျိုး ဖြစ်ပါတယ်တဲ့ ခင်ဗျား။ ။

> နိုင်ငံတကာနယ်ပယ်နဲ့ ဆက်သွယ်ထိတွေ့ပြီး ကိုယ့်လူမျိုးရဲ့ နေထိုင်စားသောက်မှု ဓလေ့တွေ၊ စာပေယဉ်ကျေးမှု အနုသုခုမ ဂီတသဘင် အစဉ်အလာတွေ၊ ရိုးရာအတတ်ပညာတွေကို မြှင့်တင်ဖော်ထုတ်တဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲမျိုးကို ဘယ်သူတွေက ဘယ်အချိန်မှာပဲလုပ်လုပ် မြန်မာလူမျိုးမှန်သမျှ ဂုဏ်ယူဝမ်းမြောက်စွာနဲ့ မုဒိတာပွားကြမှာပဲ ဖြစ်သဗျ။

သာကေတမြို့နယ် အမှတ် (၁၉) အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၃ ရက်က မြို့နယ် ကျောင်းကျန်းမာရေးအဖွဲ့နှင့် ကျောင်းအုပ် ဆရာကြီး ဦးသန်းညွန့်၊ ကျောင်းသားကျောင်းသူများအား ကိုယ်အလေးချိန် ချိန်ခြင်း၊ အရပ်တိုင်းခြင်းနှင့် သွေးအုပ်စုခွဲပေးခြင်းများ ဆောင်ရွက်ပေးစဉ်။

(က-ပ)

လှည်းကူးမြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိအောင် ကြိုးပမ်းသူများအား ထပ်ဆင့် ဂုဏ်ပြုပွဲကို ဩဂုတ် ၅ ရက်က မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိအောင်ကြိုးပမ်းသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲစည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၅ခုနှစ် မတ်၂၇ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ရေးဖွဲ့နိုင်

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏အစဉ်အလာကောင်းများကို ဖော်ကျူးသော အကြောင်းအရာများ၊ ကုန်းဘောင်ခေတ်(အေဒီ–၁၈၂၄ခုနှစ်)၊ လွတ်လပ်ရေးခေတ်(၁၉၄၈ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးဂုဏ် စသောသမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘာသာ၊ သာသနာဆောင်ရွက်မှုများ၊ တည်ဆောက်ပြုပြင်ရေး ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများစသည့် အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်းဟူသော အပိုင်းသုံးပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်သွားမည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ တပ်မတော်နေ့ ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုန်းဖေ စာပေဆုကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများနှင့် အမျိုးသားစာပေဆုရရှိသူများသည် အဆင့်(၁)တွင်လည်းကောင်း၊ အထက်ပါဆုများမရရှိသေးသူများသည် အဆင့်(၂)တွင်လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အထက်ပါ ဆုများမရရှိခဲ့သော်လည်း မိမိဆန္ဒအလျောက် အဆင့်(၁)တွင် ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပါတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာ ရေးသားဖော်ပြရမည်။

တစ်မျိုးလျှင်တစ်ပုဒ်သာ

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ပေးထားရာ မည်သည့်အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစားနှစ်မျိုးစလုံးတွင်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင် ပါဒ ၁၀၀မှ ၃၀၀ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀မှ၂၀၀၀ထိရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒ အပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒ ၅၀ သာခွင့်ပြု၍ ယင်းအချက်နှင့် မကိုက်ညီသော ကဗျာများကို မစဉ်းစားပါ။

ကဗျာစပ်ထုံး၊ ကဗျာစပ်နည်း မှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့် မော်ဒန်ကဗျာများကို လုံးဝလက်မခံပါ။

ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာရေးသားပြီး မိတ္တူနှစ်စောင်ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဟူသောအချက်ခြောက်ချက်နှင့်တကွ နှစ်လက်မ x နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။

ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။ စည်းကမ်းချက်နှင့် မကိုက်ညီသော စာမူများကို လက်ခံမည်မဟုတ်ပါ။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင် ကဗျာစာမူများနောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၂၀၀၅ခုနှစ် ဇန်နဝါရီ၃၁ရက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၃၇၄၅၃၂ထံသို့ပေးပို့ကြရန် ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာသုတ်တော်ကျင့်စဉ်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် မေတ္တာသုတ်တော်ကျင့်စဉ်သင်တန်းကို ဩဂုတ် ၂၃ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် စတင်ဖွင့်လှစ်၍ နေ့စဉ်နံနက် ၇နာရီခွဲမှ ၈နာရီခွဲအထိ ငါးရက်ဖွင့်လှစ်မည်ဟုသိရသည်။

(က–ပ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ နိုင်ငံတကာကုန်စည်ပြပွဲမှပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၈

မလေးရှားနိုင်ငံကုန်သည်ကြီးများအသင်းနှင့် Expomal Network Sdn. bhd တို့ ပူးပေါင်းကြီးမှူး၍ ဩဂုတ်၁၂ရက်မှ ၁၄ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ပူထရာ ကမ္ဘာ့ကုန်သွယ်ရေးဗဟို၌ ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် SME'S၏နိုင်ငံတကာ ကုန်စည်ပြပွဲသို့ တက်ရောက်ခဲ့ကြသည့် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီ ခေါင်းဆောင်ပြီး အဖွဲ့ဝင် ၂၆ ဦးပါဝင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ယနေ့ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

(အောက်ပုံ) (က–ပ)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၈

ဦးဖေလွင် (ထားဝယ်ဂေါက်သီးရိုက်အသင်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူး ရွှေပြည်ဟိန်း၊ ဦးယုစိန်၊ ဦးငွေဝင်းတို့နှင့်အတူ ဩဂုတ် ၁၅ ရက်တွင် ထားဝယ်ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက် ကစားကြရာ New Win No(7) ဘောလုံးကို Wilson Iron No(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၅ ကိုက်အကွာအဝေးတွင်ရှိသော အမှတ် (၁၁) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

စဉ်ဆက်မပြတ် ဆေးပညာ တိုးတက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို)ပညာရပ်ဆိုင်ရာ ကော်မတီက ကြီးမှူး၍ မျက်နှာ၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ ဌာနမှူး ဦးကိုကိုမောင်(သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သဃ်နှင်းကျွန်းစံပြဆေးရုံကြီး)က Ankylosis of TMJ (Clinical Aspects) (ကုခန်းဆိုင်ရာ မေးရိုး အဆစ်ခိုင်ခြင်း ပြဿနာများ) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၁၅ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်အသင်းခွဲအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ကိုယ်စား ပညာရပ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သွားရောဂါကုပညာဌာန ပါမောက္ခ ဦးပွင့်ဖူးက အဖွင့်အမှာစကားပြောကြားသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် ပါမောက္ခဌာနမှူး ဦးကိုကိုမောင်က ဟောပြောပို့ချပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုတ္တမအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၈

မွန်ပြည်နယ် မုတ္တမ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မုတ္တမ အထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ ပြည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးလှထွန်း ဖုန်း ၀၁–၂၀၁၅၅၅၊လိုင်းခွဲ ၄၂၁၊ ဦးမျိုးမြင့် ဖုန်း ၀၁–၅၃၄၈၀၆၊ ဦးသိန်းဝင်း ဖုန်း ၀၉–၅၀–၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း ၀၁–၂၀၀၁၃၅၊ ဦးစိုးအောင် ဖုန်း ၀၅၇–၂၄၃၉၃၊ ဦးမောင်မောင် ကျောင်းအုပ်ကြီး ဖုန်း မုတ္တမလိုင်းခွဲ ၄၅နှင့် ဦးစိုးမော် ဖုန်း ၀၅၇–၂၅၁၅၄၊ မုတ္တမလိုင်းခွဲ ၁၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုနှင်းသဘင် အခမ်းအနားကို ဩဂုတ် ၁၄ ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးမြင့်က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မခိုင်ခိုင်စိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

မုံရွာကြေးနီစီမံကိန်း ထုတ်လုပ်မှုများတိုးတက် လေးနှစ်အတွင်းအာရှ၏ အကြီးဆုံးထုတ်လုပ်သူအဆင့် ရောက်မည်။ မျက်စိရေတိမ်ရောဂါကို အခြေအနေမဆိုးမီ နှစ်နှစ်ဆယ် ကြိုသိနိုင်ပြီ၊ ရေလှောင်ပမာဏနှင့် ရေဆင်းဧရိယာကြီးသော ဆည်ကြီးအချို့၌ ရေကြီးနိုင်သည့် အခြေအနေ ကြိုတင် အသိပေးစက် တပ်ဆင်ကာကွယ်ရန် စီစဉ် စသည့် ပြည်တွင်းရေးရာ မျက်မှောက်သတင်းများနှင့်အတူ ထိပ်ပိုင်းလုပ်ကြံမှုဖြင့် အယ်လ်ခိုင်ဒါက အမေရိကန်ရွေးကောက်ပွဲကို နှောင့်ယှက်မည်ဆို၊ လက်ကိုင် ဖုန်းရမ္မက်ကြောင့် ဆယ်ကျော်သက်များ ရာဇဝတ်မှုကြီးထွား၊ ရေဘောလုံး တိုက်ပွဲကြီး ဂျာမန်ချာတိတ်များဆင်နွှဲ စသည့်နိုင်ငံတကာရေးရာသတင်းဆောင်းပါးစုံလင်စွာဖြင့် e-Empire Media House ဖုန်း– ၇၀၃၈၁၃ က ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

ဩဂုတ် ၁၈ရက်က အထက(၂)ဗဟန်း ကျောင်းကောင်စီဥက္ကဋ္ဌဒိုင်းမိုးရာသီကျောင်းတွင်းဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အဆိုပါကျောင်း၌ကျင်းပရာ ပထမဆုရရှိသော ဘုရင့်နောင်အသင်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်လှမြင့်က တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။

(က–ပ)

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဩဂုတ် ၁၈

နယ်မြေခံထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ တာချီလိတ်မူးယစ်အထူးအဖွဲ့နှင့်နယ်မြေခံတပ်ဖွဲ့ဝင်များပူးပေါင်း၍ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အဒီးရွာနေ အားဘဲ၏နေအိမ်ကိုစစ်ဆေးရှာဖွေရာ အိပ်ခန်းခုတင်အောက်မှ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀၀၀၀ ၊ USAလုပ်တစ်လုံးထိုးသေနတ်တစ်လက်၊ ၁၂ဘို့ကျည်၁၂ တောင့်၊ ချက်နိုင်ငံလုပ် ပွိုင့် ၂၂သေနတ်တစ်လက်၊ USA လုပ် ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အတောင့် ၅၀၊ ၁၂ ဘို့ကျည်ဖြင့် ပစ်ခတ်ရသော တစ်လုံးထိုးသေနတ်တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၈၉/၂၀၀၃ နှင့် ၉၀/၂၀၀၃ မူးယစ် ပုဒ်မ ၁၅/၁၉(က)/၂၂(ခ)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် တရားရုံးက တရားခံဦးလောဖီ၏သား အားဘဲအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)နှင့် ၂၂(ခ) တို့အရ ထောင်ဒဏ်နှစ် ၃၀ ကျခံစေရန်နှင့် ဦးအာသယ်၏သား အာဂျယ်(ခ) ဇော်ထွန်းအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၆နှစ်၊ မူးယစ်ဆေးဝါးပုဒ်မ ၂၁ အရ ထောင်ဒဏ်နှစ် ၃၀ ကျခံစေရန် အသီးသီးပြစ်ဒဏ်ချမှတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ကျော့ဖုံးမှ

အနေအထားမှာ လူငယ်အများစုကို အခြေခံထားကြောင်း၊ လေ့ကျင့်မှုကို အပြင်းအထန် ပြုလုပ်ထားသဖြင့် အားရကျေနပ်မိပါကြောင်း၊ မြန်မာအသင်းကို အားပေးကြသည့် ပရိသတ်များကို ပျော်ရွှင်ဝမ်းမြောက်စေနိုင်ရန် ဆုဖလားရယူနိုင်ရေး အသင်းသားအားလုံး တက်ညီလက်ညီ ကြိုးစားယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဦးခင်မောင်ကြိုင်

ဆက်လက်၍ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား မေးမြန်းရာတွင် “မိမိတို့၏ ရည်မှန်းချက်၊ ရည်ရွယ်ချက် အနေဖြင့်ပြောရလျှင် နည်းပြချုပ် ဦးတင်ဟန်နှင့် တိုင်ပင်ထားသည့်

ဂိုးသမားအောင်အောင်ဦး။
(မြန်မာ့အလင်း)

အတိုင်း အိမ်ရှင်ဗီယက်နမ်နှင့်ပွဲကို ဗိုလ်လုပွဲကဲ့သို့ သဘောထားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစီမံချက်အနေဖြင့် အုပ်စုမှတက်ရေးကို အဓိကထားပြီး ထိုက်သင့်သည့်အောင်မြင်မှုကိုမရ ရအောင် ယူခဲ့မည်ဟု ပြောလိုကြောင်း၊ ကလေးများ၏ လေ့ကျင့်မှုအပိုင်းကလည်း အထူးပင်အားရစရာကောင်းကြောင်း၊ စိတ်ဓာတ်ရေးရာအပိုင်းများစွာတိုးတက်လာပါကြောင်း၊ အသင်းလိုက်ကစားကွက် အပိုင်းမှာလည်း ပီပီပြင်ပြင် မြင်တွေ့ရကြောင်း၊ မြန်မာအသင်းအနေဖြင့် တစ်ဦးချင်းရော အသင်းလိုက်ပါ တိုးတက်မှုရှိလာကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဦးတင်ဟန်

နည်းပြချုပ် ဦးတင်ဟန်ကလည်း “မိမိတို့ပါဝင်သည့် အုပ်စုသည် တစ်ဘက်အုပ်စုနှင့်စာလျှင် အုပ်စုကျပ်ဟု ဆိုနိုင်ကြောင်း၊ ဗီယက်နမ်လက်ရွေးစင်အသင်းကြီး ပါဝင်နေ၍ ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးပြင်ဆင်ထားပါကြောင်း၊ လက်ရှိအသင်းကို လူငယ်နှင့်လူကြီးပေါင်းစပ်ထား၍ ယခင်ကထက်စာလျှင် ကစားအားကောင်းလာကြောင်း၊ ပထမပွဲကို အဓိကထားပြီး၊ ကစားရမည်ဖြစ်ကြောင်း၊ အိမ်ရှင်ဗီယက်နမ်ကို နိုင်လိုက်လျှင် အုပ်စုတက်နိုင်မှာဖြစ်ပြီး အိန္ဒိယနှင့် ဒုတိယပွဲကစားရမည်ဖြစ်ရာ အိန္ဒိယအသင်း၏ခြေကို သိခွင့်မရသေး၍ ပွဲစဉ်အနေထားအရ မိမိတို့အခွင့်မသာကြောင်း၊ မိမိတို့ အထူးကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်ပွဲကစားပြီးမှ ဗီယက်နမ်၊ အိန္ဒိယတို့နှင့် ကစားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အဓိကရည်ရွယ်ချက်မှာ အကြိုဗိုလ်လုပွဲရောက်ရှိရေးပင်ဖြစ်ကြောင်း၊ ကလေးများကို အားရပါကြောင်း၊ စိတ်ဓာတ်ပိုင်း၊ စည်းကမ်းပိုင်းနှင့် လေ့ကျင့်မှုအပိုင်း အထူးကောင်းမွန်ပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

စိုးမြတ်မင်း

အသင်းခေါင်းဆောင် စိုးမြတ်မင်းအား မေးမြန်းရာတွင် “မိမိတို့အနေဖြင့် မြန်မာပရိသတ်များ၏ ဆန္ဒကို ဖြည့်ဆည်းနိုင်ရန် အမြင့်မားဆုံးအောင်မြင်မှုရရှိရန် ကြိုးစားယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အသင်းသားအားလုံး ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ရေးရာအပိုင်း အထူးမြင့်မားလျက်ရှိပါကြောင်း၊ ဗီယက်နမ် လက်ရွေးစင်အသင်းဆိုလျှင် မိမိတို့နှင့်ယခင်ကလည်း ကစားဖူးပါကြောင်း၊ သူတင်ကိုယ်တင် အနေအထားမျိုးဖြစ်၍ အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်သူက အသာရမည်ဖြစ်ကြောင်း၊ အိန္ဒိယအသင်းနှင့် မကစားဖူးသော်လည်း အိန္ဒိယနိုင်ငံမှ မိုဟမ်ဘဂမ်အသင်းနှင့် ခြေစမ်းခွင့်ရရှိထား၍ အိန္ဒိယအသင်း၏ အနေအထားကို အကြမ်းအားဖြင့် သုံးသပ်၍ရပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

မျိုးမင်းထွန်း

အလယ်တန်းလူ မျိုးမင်းထွန်းအား နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမှုနှင့်ပတ်သတ်၍ ခံစားချက်သဘောထားအမြင်ကို မေးမြန်းရာ “ယခုပြိုင်ပွဲမှာ မိမိအနေဖြင့် မြန်မာ့လက်ရွေးစင်အဖြစ် ပထမဆုံးကိုယ်စားပြုယှဉ်ပြိုင်ရသည့်ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယခင်က လူငယ်လက်ရွေးစင်အဖြစ် နိုင်ငံတကာပွဲများကစားဖူးခဲ့သော်လည်း လက်ရွေးစင်အသင်းကို ကိုယ်စားပြုရသည့်အတွက် ခံစားမှုပိုမိုမြင့်မားပါကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်း အောင်မြင်မှုမြင့်မြင့်မားမားမရသည်မှာ

အသင်းခေါင်းဆောင်စိုးမြတ်မင်း။
(မြန်မာ့အလင်း)

ကြာခဲ့ပြီဖြစ်၍ မိမိတို့ကိုယ်စားပြုခွင့်ရသည့်အချိန်တွင် အောင်မြင်မှုအထူးရလိုပါကြောင်း၊ မိမိတို့လူငယ်များကို လူကြီးများကလည်း လက်တွဲခေါ်ယူပါကြောင်း၊ ကြံ့ခိုင်မှုအပိုင်း အကောင်းဆုံးရှိပြီး ပြိုင်ပွဲဝင်ရန် အသင့်အနေအထားပင်ဖြစ်ပါကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

အောင်အောင်ဦး

ဂိုးသမားအောင်အောင်ဦးအား ဂိုးပေါက်လုံခြုံရေး တာဝန်ယူမည့် အနေအထားကို မေးမြန်းရာ “မိမိတို့အနေဖြင့် ယခုသွားရောက်ယှဉ်ပြိုင်ရခြင်းသည် ၂၀၀၄ခုနှစ်အတွင်း၌ လက်ရွေးစင်အသင်းကြီး၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း၊ ဒုတိယရည်မှန်းချက်အနေဖြင့် တိုက်ဂါးဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် ရှိပါကြောင်း၊ အယ်လ်ဂျီဖလားပွဲမှရရှိသော အတွေ့အကြုံများသည် တိုက်ဂါးဖလားပွဲအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်ကြောင်း၊ မိမိအနေဖြင့် မြန်မာအသင်းဂိုးမပေးရရေးအတွက် ပွဲတိုင်း၌ အကောင်းဆုံး အစွမ်းပြဖမ်းမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆီမီးဖိုင်နယ်တက်နိုင်ပါက အယ်လ်ဂျီဖလားကို အရယူနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာ့လက်ရွေးစင်အသင်း
အုပ်ချုပ်သူဦးခင်မောင်ကြိုင်။
(မြန်မာ့အလင်း)

ထွန်းမင်းဦး

တိုက်စစ်မှူး ထွန်းမင်းဦးအား တွေ့ဆုံမေးမြန်းရာတွင် “မိမိတို့အုပ်စု အနေအထားအရ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ မိမိတို့လေ့ကျင့်သားပြည့်ဝ၍ စိုးရိမ်စိတ်မရှိဘဲ ယုံကြည်မှုအပြည့်ရှိပါကြောင်း၊ အိမ်ရှင်ဗီယက်နမ်နှင့်ပွဲမှာ အုပ်စုတက်ရေး အဓိကကျမည်ထင်ကြောင်း၊ အိန္ဒိယလက်ရွေးစင်အသင်းနှင့် မကစားဖူးသော်လည်း ပြီးခဲ့သည့် ဘင်းမ်စတက်ပြိုင်ပွဲ၌မိမိတို့ မြန်မာလူငယ်အသင်းက အိန္ဒိယလူငယ်အသင်းကို အနိုင်ရရှိခဲ့ကြောင်း၊ လက်ရွေးစင်အသင်းချင်းလည်း ခြေကွာလှမည်မထင်ကြောင်း၊ စိတ်ဓာတ်အားမာန်အပြည့်ဖြင့် ရေကုန်ရေခန်းကစားပြီး အနိုင်ဂိုးများသွင်းမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ပထမဆုံးပြိုင်ပွဲ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အား အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက် ယခုအယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲသည် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံး နိုင်ငံတကာ ပြိုင်ပွဲပင်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုအခါ သွက်လက်ထက်မြက်သော ခြေလှမ်းများဖြင့် အရှိန်အဟုန်မြှင့်၍ မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်းပြီး မကြာမီ ဘင်းမ်စတက် လူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာလူငယ်အသင်းက ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။ အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲသည် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် အကြိုပြင်ဆင်မှုတစ်ရပ်လည်းဖြစ်သည်။ ယခုအခါ မြန်မာ့

အလယ်တန်းလူ မျိုးမင်းထွန်း။
(မြန်မာ့အလင်း)

လက်ရွေးစင်အသင်းအပြင် ညွန့်ပေါင်းလက်ရွေးစင်အသင်းကိုလည်း ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိရာ မြန်မာ့လက်ရွေးစင်အသင်းကို အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဘောလုံးအားကစားအဖွဲ့ဝင်များထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၂၀ ရက်မှ၂၈ရက်အထိကျင်းပမည့် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင်ခေါင်းဆောင်သည့် မြန်မာဘောလုံးအသင်းသည် ယနေ့ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဘောလုံးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့ဝင်ခုနစ်ဦး၊ ဘောလုံးဒိုင်လူကြီးတစ်ဦး၊ အားကစားသမား ၁၈ဦး စုစုပေါင်း ၂၆ဦးလိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်အသင်း

အယ်လ်ဂျီဖလား(LG Cup) ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝေယံအောင်၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်ကြိုင်၊နည်းပြချုပ်အဖြစ် ဦးတင်ဟန်၊ လက်ထောက်

နည်းပြချုပ် ဦးတင်ဟန်။
(မြန်မာ့အလင်း)

နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် **(ဂိုး)**အောင်အောင်ဦး၊ ထွန်းထွန်းလင်း၊ **(နောက်တန်း)**မင်းသူ၊ စိုးမြတ်မင်း၊ စိုးလင်းထွန်း၊ ဇော်ထက်အောင်၊ ဝင်းမင်းထွဋ်၊ အောင်ဝင်းနိုင်(ခ) အောင်ဇော်မျိုး၊ မိုးကျော်သူ၊**(အလယ်တန်း)** ဇော်ဇော်၊ အောင်ကျော်မိုး၊ စန်းမောင်၊ ဘိုဘိုအောင်၊ မျိုးမင်းထွန်း၊ မာလ၊ **(ရှေ့တန်း)** ရန်ပိုင်၊ ဇော်ထိုက်နှင့် ထွန်းမင်းဦးတို့ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစားရမည်

မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ ဩဂုတ် ၂၂ရက်တွင် လက်ရှိချန်ပီယံအိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု(ခ)တွင် တောင်ကိုရီးယားတက္ကသိုလ်ညွှန့်ပေါင်း၊ ဟိုချီမင်းလူငယ်နှင့် မလေးရှားတို့ ပါဝင်ကြသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက်ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၄ခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက အင်းစိန်မြို့နယ် မီးရထားအားကစားကွင်း၌ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရွှေပြည်သာမြို့နယ်အသင်းနှင့် လှိုင်သာယာမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရွှေပြည်သာမြို့နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြီးညိုက ဒုတိယရရှိသော လှိုင်သာယာမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေကျပ် ၃၀၀၀၀အားလည်းကောင်း၊ လှိုင်သာယာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ပထမရရှိသော ရွှေပြည်သာမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်က အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်းအားလည်းကောင်း၊ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်က ပွဲစဉ်တစ်လျှောက် ဂိုးနှင့်နောက်တန်း အကောင်းဆုံးဆု ရရှိသူများအားလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီက ပွဲစဉ်တစ်လျှောက် အလယ်တန်းနှင့် ရှေ့တန်းအကောင်းဆုံးဆု ရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးရရှိသော ရွှေပြည်သာမြို့နယ်မှ အာကာကျော်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ပထမရရှိသော ရွှေပြည်သာမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ် ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးစည်းဝေး

ရန်ကုန် ဩဂုတ် ၁၈

၂၀၀၄ ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက်(၁၇)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ အုပ်စုပွဲစဉ်မဲနှိုက်ခြင်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ယနေ့နံနက် ၁၁နာရီခွဲက တာမွေမြို့နယ်ရှိ ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းအားကစားမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အုပ်စုပွဲစဉ်ရေးဆွဲအပြီးတွင် ပေါ်ထွက်လာမှုအရ (ကက)အုပ်စု၌ လှိုင်သာယာမြို့နယ်၊ တာမွေမြို့နယ်၊ သုံးခွမြို့နယ်နှင့်ကမာရွတ်မြို့နယ်၊ (ခခ) အုပ်စု၌ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့်ကွမ်းခြံကုန်းမြို့နယ်တို့ ပါဝင်ကြသည်။

တစ်နေ့နှစ်ပွဲ

အဆိုပါပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဩဂုတ် ၂၀ရက်မှစတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။
(မြန်မာ့အလင်း)

အယ်လ်ဂျီဖလားပွဲ၌ ဒိုင်တာဝန်ထမ်းဆောင်ရန် အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးဦးထွန်းဝေထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ်၂၀ရက်မှ ၂၈ရက်အထိ ကျင်းပမည့် အယ်လ်ဂျီဖလား(LG Cup) ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီးတာဝန် ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဦးထွန်းဝေ**(ယာပုံ)**သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။**(မြန်မာ့အလင်း)**

တောင်ကိုရီးယားအုပ်စုပထမနှင့်မာလီအုပ်စုဒုတိယ အာဂျင်တီးနားအုပ်စုပထမနှင့်သြစတြေးလျဒုတိယရပြီးကွာတားတက်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၈

အေသင် အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ဩဂုတ် ၁၇ ရက်က ပြုလုပ်ခဲ့သော အုပ်စု(က)နှင့် (ဂ)တို့ အုပ်စုနောက်ဆုံးပွဲများအဖြစ် ကစားခဲ့ကြရာတွင် အုပ်စု(က)၌ တောင်ကိုရီးယားနှင့်မာလီတို့ သုံးဂိုးစီသရေကြပြီး ဂရိနှင့်မက္ကဆီကိုတို့ပွဲတွင် မက္ကဆီကိုက ဂရိကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ဂ)အုပ်စုနောက်ဆုံးပွဲစဉ်တွင် အာဂျင်တီးနားက ဩစတြေးလျကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တူနီးရှားက ဆားဘီးယားကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

အုပ်စု(က)မှ တောင်ကိုရီးယားနှင့် မာလီတို့အုပ်စု(က)အုပ်စုနောက်ဆုံးပွဲအဖြစ် ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာ့ဖ်တန်ဇိုလီရိုကစားကွင်း၌ ဩဂုတ်၁၇ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တောင်ကိုရီးယားတို့က ၃-၄-၃ပုံစံဖြင့်ကစားပြီး မာလီတို့က ၅-၂-၃ ပုံစံဖြင့်ကစားခဲ့သည်။

ပွဲစသည်နှင့်မာလီတို့က ကွာတားတက်နိုင်ရေးအတွက် တိုက်စစ်ဆင်ကစားရာ တောင်ကိုရီးယားတို့ခံစစ်ဖြင့်ကစားနေရခဲ့သည်။ မာလီတိုက်စစ်မှူးများဖြစ်သော ကီဘီ၊ တာအိုရီနှင့် အင်ဒီရာယီတို့က တောင်ကိုရီးယားနောက်တန်းကိုထိုးဖောက်ကစားရာ ပွဲချိန်ခုနစ်မိနစ်တွင် မာလီတိုက်စစ်မှူး အင်ဒီရာယီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

တောင်ကိုရီးယားတို့ တန်ပြန်တိုက်စစ်ဆင် ကစားသော်လည်း အလယ်တန်းမှ ကင်ဒူးဟွမ်၊ ပက်ကူဆွမ်နှင့် ကင်ဒေါင်တို့ ဘောလုံးပေးပို့မှုများ ထိရောက်မှုမရှိဖြစ်ကာ တောင်ကိုရီးယားတိုက်စစ်မှူးများ စိတ်ကြိုက်ထိုးဖောက်ကစားခွင့်မရခဲ့ပေ။ မာလီ နောက်တန်းခံစစ်မှူးများကလည်း တောင်ကိုရီးယားတိုက်စစ်မှူးများ၏ တစ်ဦးချင်း ထိုးဖောက်ကစားမှုကို ကောင်းစွာဟန့်တားနိုင်ခဲ့သည်။

ပွဲချိန် ၂၄မိနစ်တွင် မာလီ တိုက်စစ်မှူး အင်ဒီရာယီက တောင်ကိုရီးယားနောက်ခံလူများဟန့်တားနေသည့်ကြားမှ အပြင်းကန်သွင်းခဲ့သဖြင့် ဒုတိယဂိုးရရှိသွားသည်။ တောင်ကိုရီးယားနောက်တန်းသည် မာလီတိုက်စစ်ကို ပထမပိုင်းတစ်ချိန်လုံးကာကွယ်နေခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း မာလီတို့က တောင်ကိုရီးယားအသင်းကို ဖိကစားရာ ပွဲချိန်၅၅မိနစ်တွင် မာလီအလယ်တန်းမှ ဖြတ်တင်ပေးသည့် ဘောလုံးကို တိုက်စစ်မှူး အင်ဒီရာယီကပင် သွင်းယူခဲ့သဖြင့် မာလီတို့ တတိယဂိုး ရရှိခဲ့သည်။ မာလီတိုက်စစ်မှူး အင်ဒီရာယီသည် အေသင်အိုလံပစ်ဘောလုံးပွဲစဉ်များ၌ တစ်ဦးတည်း သုံးဂိုးသွင်းကာ ပထမဆုံး ဟက်ထရစ်ရသူအဖြစ် မှတ်တမ်းဝင်သွားသည်။

သုံးဂိုးပြတ်ရှုံးနေသဖြင့် တောင်ကိုရီးယားတို့တိုက်စစ်အားတင်ပြီး ပြန်လည်ထိုးဖောက်ကစားရာ ပွဲချိန် ၅၇မိနစ်တွင် တောင်ကိုရီးယားတိုက်စစ်မှူး ချိုဂျေဂျင်က ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်ခဲ့သည်။ တစ်ဂိုးရရှိခဲ့ပြီး တောင်ကိုရီးယားတို့ထပ်မံဖိကစားခဲ့ရာမှ ပွဲချိန် ၅၉မိနစ်တွင် တောင်ကိုရီးယားတိုက်စစ်မှူးချိုဂျေဂျင်ကပင် မာလီနောက်ခံလူများကြားမှ အမှတ်မထင်ကန်သွင်းရာမှ ဒုတိယချေပဂိုး ရရှိခဲ့ပြန်သည်။

တောင်ကိုရီးယားတို့ မာလီဘက်ကိုချေပဂိုးထပ်မံရရှိရေးဖိကစားထားပြီး တောင်ကိုရီးယားအလယ်တန်းနှင့် တိုက်စစ်မှူးများအုပ်စုဖွဲ့ ထိုးဖောက်ကစားမှုကြောင့် မာလီနောက်တန်းပြိုဆင်းကာ ပွဲချိန်၆၄မိနစ်တွင် မာလီ

အာဂျင်တီးနားနှင့် ဆားဘီးယားတို့ပွဲတွင် အာဂျင်တီးနားမှ ကိုလိုစီနီနှင့် ဆားဘီးယားမှ မာကိုလိုဗစ်တို့ဘောလုံး ယှဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နောက်ခံလူ တန်ဘော်ရာ ဘောလုံးဖျက်ထုတ်ရာမှကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသဖြင့်တောင်ကိုရီးယားတို့ တတိယဂိုးရရှိပြီးသရေပွဲဖြစ်သွားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားတို့ အုပ်စုပွဲသုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲသရေ၊တစ်ပွဲနိုင်ငါးမှတ်၊ မာလီကလည်း နှစ်ပွဲသရေ၊တစ်ပွဲနိုင်ငါးမှတ်တူညီနေသော်လည်းတောင်ကိုရီးယားတို့က သွင်းဂိုးအသာဖြင့် အုပ်စု(က) အုပ်စုပထမဖြင့်ကွာတားတက်ပြီး မာလီအသင်းက အုပ်စုဒုတိယဖြင့် ကွာတာတက်သွားပြီဖြစ်သည်။

အုပ်စု (က) အုပ်စုနောက်ဆုံးပွဲအဖြစ်ဂရိနှင့်မက္ကဆီကိုတို့ ဖို့လောစ်မြို့ရှိ ပင်သက်ဆာလီကို ကစားကွင်း၌ ဩဂုတ် ၁၇ရက်က ကစားကြရာ ဂရိတို့ အနိုင်ရရှိရေး ကြိုးစားကစားသွားခဲ့သော်လည်းမက္ကဆီကိုတို့က ပွဲချိန်အတော်များများ ဖိကစားသွားခဲ့သည်။

ပွဲချိန် ၄၇ မိနစ်တွင် မက္ကဆီကိုတိုက်စစ်မှူးမာကွစ်ဇ်အဖွင့်ဂိုးသွင်းယူပြီး ပွဲချိန်မိနစ်၇၀တွင် မက္ကဆီကိုတိုက်စစ်မှူးဘရာဗိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ဂရိတို့တန်ပြန်တိုက်စစ်ကစားရာ ပွဲချိန် ၈၂ မိနစ်တွင် ဂရိကွင်းလယ်ကစားသမား တာရာလီဒစ်စ်ကချေပဂိုးတစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။

ပွဲချိန် ၈၆ မိနစ်တွင် မက္ကဆီကိုတို့ကွင်းလယ်မှ အဝေးဘော ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို မက္ကဆီကိုတိုက်စစ်မှူး ဘရာဗိုကရရှိပြီး ဂိုးဧရိယာအတွင်းထိဆွဲယူကာ ကန်သွင်းခဲ့သဖြင့် တတိယဂိုး ရရှိခဲ့သည်။ လေလွင့်ချိန် အစားထိုးပေးသည့် အချိန်အတွင်း ပွဲချိန် ၉၃ မိနစ်တွင် ဂရိအသင်းခေါင်းဆောင် စတိုလ်တီဒစ်စ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မက္ကဆီကိုတို့ကသုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိသွားခြင်းဖြစ်သော်လည်း မက္ကဆီကိုနှင့်ဂရိတို့အုပ်စုမှပင် ထွက်ကြရပြီဖြစ်သည်။

အုပ်စု(ဂ) အုပ်စုနောက်ဆုံးပွဲအဖြစ် အာဂျင်တီးနားနှင့်ဩစတေးလျတို့ဂရိနိုင်ငံအေသင်မြို့ရှိ ကာရစ်ကာကီအားကစားကွင်း၌ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားကပွဲစသည်နှင့် တိုက်စစ်ဆင်ကစားခဲ့သည်။

အာဂျင်တီးနားတို့က ၃-၄-၃ ပုံစံဖြင့်ကစားပြီး ဩစတေးလျက ၄-

၄-၂ ပုံစံဖြင့် ကစားရာ အာဂျင်တီးနားကွင်းလယ်ကစားသမားများဖြစ်သော မက်ချီရာနို၊ ဂွန်ဇာလက်ဇ်၊ ဒီအယ်ဆန်ဒရိုနှင့် ဂွန်ဇာလက်ဇ် လူရစ်တို့က တိုက်စစ်မှူးများနှင့်အတူ အုပ်စုဖွဲ့ ထိုးဖောက်ကစားရာ ပွဲချိန် ၉မိနစ်တွင် အာဂျင်တီးနားကွင်းလယ်ကစားသမား ဒီအယ်ဆန်ဒရိုက အဖွင့်ဂိုးသွင်းယူခဲ့သည်။

အာဂျင်တီးနားတို့ တစ်ဂိုးသွင်းယူပြီးနောက် ပွဲကိုထိန်းကစားသွားရာ ဩစတြေးလျတို့ ပြည်လည်ထိုးဖောက်ကစားသော်လည်း အာဂျင်တီးနားနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ဩစတြေးလျတို့ ပွဲချိန် ၄၃ မိနစ်တွင် တစ်ကြိမ် ဂိုးရရှိရေးအခွင့်ကောင်းကြုံသော်လည်း ဩစတြေးလျတို့ တိုက်စစ်မှူး အလိုဆစ်ဂျွန် ကန်ချက်မမှန်၍ တစ်ဂိုးနစ်နာသွားရသည်။

ဒုတိယပိုင်းတွင်လည်း အာဂျင်တီးနားတို့ ဂိုးထပ်ပံမသွင်းတော့ရာ ဩစတြေးလျတို့ချေပဂိုးရရှိရေးကြိုးစားကစားသော်လည်း ပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဩစတြေးလျတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။

အာဂျင်တီးနားက အုပ်စုပွဲ သုံးပွဲကစားပြီး သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စု (ဂ) အုပ်စုပထမဖြင့် ကွာတားတက်ပြီဖြစ်သည်။

အုပ်စု(ဂ) အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် တူနီးရှားနှင့် ဆားဘီးယားတို့ ဂရိနိုင်ငံ ပါထရာစ်မြို့ရှိ ပင်ပီလိုပွန်နစ်ဆီရာကို ကစားကွင်း၌ ဩဂုတ်၁၇ရက်က ယှဉ်ပြိုင်ကစားရာ တူနီးရှားအသင်း အနိုင်ရရှိရေးနှင့် ဂိုးပြတ်သွင်းနိုင်ရေးအတွက် အပြင်းအထန် ကြိုးစားကစားသွားခဲ့သည်။

တူနီးရှားက ၅း၂း၃ ပုံစံဖြင့် ကစားပြီး ဆားဘီးယားက ၆း၃း၁ ပုံစံဖြင့် ကစားသွားခဲ့သည်။ တူနီးရှားတို့ အနိုင်ရရှိရန် ဆားဘီးယားဘက်သို့ ကွင်းတစ်ဝက်ခန့် ဖိကစားထားပြီး ဂိုးသွင်းနိုင်ရေး ထိုးဖောက်ကစားသော်လည်း တူနီးရှား တိုက်စစ်မှူးများဖြစ်သည့် ဇီတောနီ၊ အယ်တာ့စ်နှင့် ဂျီဒီဒီမိုဟာမက်တို့ဆန္ဒစောကာ ကန်ချက်များ မမှန်မှုကြောင့် ဆုံးရှုံးမှုများဖြစ်လျက်ရှိရာမှ ပွဲချိန် ၄၁ မိနစ်တွင် တူနီးရှားနောက်ခံလူ ကလေတန်က တိုက်စစ်ကို လိုက်ပါအားဖြည့်ရင်း အဝေးမှကန်သွင်းရာ ဂိုးဝင်သွားခဲ့သဖြင့် တူနီးရှားတို့ အဖွင့်ဂိုးရရှိသွားခဲ့သည်။

ဒုတိယပိုင်းတွင် ဆာဘီးယားတို့ တန်ပြန်တိုက်စစ်ဆင်ထိုးဖောက်ကစားရာ ပွဲချိန်မိနစ်၇၀တွင် ဆားဘီးယားကွင်းလယ်ကစားသမားနှင့် တိုက်စစ်မှူးလည်းဖြစ်သည့် ကရာဆစ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ တူနီးရှားတို့ အလယ်တန်းနှင့် နောက်တန်းတောင်ပံများကပါ တိုက်စစ်ကိုအားဖြည့်လိုက်ပါကစားခဲ့ရာ ပွဲချိန်၈၃မိနစ်တွင် တူနီးရှားတိုက်စစ်မှူး ဂျီဒီဒီက ဒုတိယဂိုးသွင်းယူခဲ့ပြီး မကြာမီဆားဘီးယားတို့ တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၈၇မိနစ်တွင် ဆားဘီးယားကွင်းလယ်ကစားသမား ဗက်ဆီဗစ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

တူနီးရှားတို့၏ အနိုင်ဂိုးကိုပွဲချိန် ၈၉မိနစ်တွင် တူနီးရှားတိုက်စစ်မှူး ဇီတိုနီက တစ်ဦးတည်းဘောလုံးဆွဲယူလာပြီး ဆားဘီးယားခံစစ်မှူးနှစ်ဦးကို ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းကြောင့် တူနီးရှားတို့ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အုပ်စု(ဂ)တွင် ဩစတြေးလျက အုပ်စုပွဲ သုံးပွဲကစားခဲ့ရာတွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ တစ်ပွဲနိုင် လေးမှတ်ရရှိကာ တူနီးရှားက တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး လေးမှတ်ရရှိနေပြီး အမှတ်တူနေသော်လည်း ဩစတြေးလျတို့က သွင်းဂိုးခြောက်ဂိုး၊ တူနီးရှားတို့ကသွင်းဂိုး လေးဂိုးသာရရှိသဖြင့် ဩစတြေးလျတို့ အုပ်စု(ဂ)တွင် ဒုတိယဖြင့်ကွာတားတက်ပြီဖြစ်သည်။

ယခုအခါ အုပ်စု(က)နှင့်အုပ်စု(ဂ)တို့ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)မှ တောင်ကိုရီးယားက အုပ်စုပထမ၊မာလီကအုပ်စု ဒုတိယဖြင့် ကွာတားတက်ပြီး အုပ်စု(ဂ)တွင် အာဂျင်တီးနားက အုပ်စုပထမ၊ ဩစတြေးလျက အုပ်စုဒုတိယဖြင့် ကွာတားတက်ပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်တောင်ပိုင်းခရိုင် တတိယအကြိမ် ယာဉ်လိုင်းဆိုင်ရာစည်းကမ်းလိုက်နာမှု ဂုဏ်ပြုဆုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဩဂုတ် ၁၄ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ယာဉ်လိုင်းဆိုင်ရာ စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုရ သန်လျင်မြို့နယ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အထက(၃)ဗိုလ်တထောင်အာစရိယပူဇော်ပွဲပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁၈

အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၃) ဗိုလ်တထောင်တွင်ပညာသင်ကြားပေးသည့် ဆရာဆရာမဟောင်းများအား ကျောင်းနေဘက်ဟောင်းများက စုပေါင်း၍ ပဌမအကြိမ်မြောက်အာစရိယ ပူဇော်ပွဲကို ယခုနှစ်အောက်တိုဘာ နောက်ဆုံးရက်သတ္တပတ်တွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ခံ ဆရာဆရာမများ၏ မှတ်တမ်းစာအုပ်၊ ရာပြည့်အကြိုမဂ္ဂဇင်းနှင့် စာစောင်တို့ကို ထုတ်ဝေသွားမည်။ ၁၉၈၀ ပြည့်နှစ် အထိ သင်ကြားပေးခဲ့သော အသက် ၆၀ ပြည့်မြောက်ပြီး ဆရာဆရာမများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ဖုန်း-၀၅၆-၂၁၅၅၁၊ ဖုန်း-၇၀၃၂၂၀၊ ၂၀၂၇၇၊ ဖုန်း-၅၇၁၁၃၄၊ ဖုန်း-၅၇၂၃၅၂၊ ဖုန်း-၂၄၅၈၇၁၊ ဖုန်း-၅၇၉၃၁၉၊ ဖုန်း-၂၉၄၁၁၀၊ ၂၀၁ တို့နှင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အမှုဆောင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက် ည ၇ နာရီက ပြည်လမ်း Espace Avenir ဟိုတယ်၏ အစည်းဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်တွင်းပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ နယ်လှည့် သရုပ်ပြအစီအစဉ်များဆောင်ရွက်ရေး၊ ၂၀၀၅ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရေး၊ နိုင်ငံခြားနည်းပြငှားရမ်းရရှိရေး၊ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်ရရှိရေးနှင့် စခန်းသွင်းလေ့ကျင့်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

မဟာစည် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အောင်တော်မူရိပ်သာတွင် ဝါခေါင်လပြည့်မှ သီတင်းကျွတ်လပြည့်အထိ နှစ်လရက်ရှည်ဝါတွင်း တရားစခန်းပွဲ၌ ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာနာယက ဆရာတော်ဘဒ္ဒန္တ ကုမာရ(မဟာကမ္မဋ္ဌာနာစရိယ) ဦးစီးဖွင့်လှစ်၍ ဓမ္မကထိက အရှင်တေဇဝန္တ၊ အရှင်သံဝရတို့က တရားဟော တရားပြမည်ဖြစ်သည်။ တရားအားထုတ်လိုသူများနှင့် ကုသိုလ်ဒါနပြုလိုသူများ ရိပ်သာ ဖုန်း-၀၆၁-၅၀၃၀၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ပဲခူးမြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၈

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စင်တီမီတာ ၃၀ (၁ ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့သော

* တိုင်းရင်းသားစည်းလုံးညီညွတ်မှုအောင်ပွဲ မြင်ကွင်းများ
* နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအောင်ပွဲ မြင်ကွင်းများ
* ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအောင်ပွဲ မြင်ကွင်းများ
* ဖွံ့ဖြိုးရေးအထူးဇုန်များ၏ ဖွံ့ဖြိုးတိုးတက်မှုအောင်ပွဲ မြင်ကွင်းများ

စသည့်...စသည့်...

နိုင်ငံတော်၏ ကဏ္ဍအစုံစုံမှ ဖွံ့ဖြိုးမှုအဖုံဖုံကို စုစည်းဖတ်ရှု ခံစားတွေ့မြင်နိုင်စေဖို့ ရွှေတံခါးကြီးဖွင့်လိုက်ပါပြီ...

ရတနာစည်ဆရာတော် (လှိုင်လင်) ၏
ရွှေတံခါးကြီးဖွင့်လိုက်ပြီ နှင့် အခြားဆောင်းပါးများ

သတင်းစာများတွင် ဖော်ပြပြီးခဲ့သော ရတနာစည်ဆရာတော်(လှိုင်လင်)၏ ဆောင်းပါးများကို စုစည်း၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပြန်လည်ထုတ်ဝေလိုက်ပါသည်။

ထွက်ပါပြီ တန်ဖိုး – ကျပ်၅၀၀

ဝယ်ယူရရှိနိုင်သောနေရာများ

– သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၉၄၃၀၆။ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့နှင့် သတင်းစာကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်(ဝေဇယန္တာအိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက် အမှတ်(၂၀–၂၁)၊ မြေကွက်အမှတ် ၁၇၁၊ အကျယ် ၄၅၄၉ စတုရန်းပေရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဒေါ်စန္ဒီအောင်(S/OKA-073381)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက မည်သူမဆို ပိုင်ဆိုင်မှု စာရွက်၊ စာတမ်း အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ စ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမောင်မောင်နိုင်
(LL;B,DBL,DML);
Legal Adviser
စိုးစံ(လင်း)ကုမ္ပဏီ၊ အမှတ် ၆၉၊
ရန်ကုန်–အင်းစိန်လမ်းမကြီး၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်ကျော်စည်သူအတွက်
မွေးနေ့ဆုတောင်း

သားသား မောင်ကျော်စည်သူ(တတိယတန်း–ဂ၊TTC')၏ ၁၉–၈–၂၀၀၄ ရက်တွင် ကျရောက်သည့် (၈) နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာဖြင့် လိုအင်ဆန္ဒများပြည့်ဝပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ – ဗိုလ်မှူးရွှေပြည်ဟိန်း
မေမေ – ဗိုလ်မှူးဒေါ်သီတာစိန်
ဘိုးဘိုး၊ ဘွားဘွားများနှင့် ညီလေးဖွဲ့စည်သူတင်စိန်။



အမည်ပြောင်း

အဖ ဦးတင်လှ၏သား 1 yr BT (Mech) GTC (Hmaw Bi)မှ မောင်အောင်ဟိန်းအား မောင်ဩဗိသဝေဟင် ဟုအမည်ပြောင်းလဲခေါ်ပါရန်။

မောင်ဩဗိသဝေဟင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက်၊ သို့မဟုတ် စာပေလက်ထောက်–၂ (လစာနှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများလျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ သို့မဟုတ် အင်္ဂလိပ်ဘာသာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ (နေ့ပိုင်း)၊ သို့မဟုတ် အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်ပြီး တက္ကသိုလ်တစ်ခုခု(နေ့ပိုင်း)တွင် တက်ရောက်နေသူများ။

(ဂ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အထက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများအား အောက်ပါအကျိုးခံစားခွင့်များ ခွင့်ပြုမည်–

(က) တက္ကသိုလ်(နေ့ပိုင်း)သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည်အထိ လစာကျပ် ၄၈၀၀/ကို လစဉ်ခံစားခွင့်ပြုမည်။

(ခ) ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်သလို ကူညီထောက်ပံ့ပေးမည်။

(ဂ) စာမေးပွဲကျရှုံးပါက ထောက်ပံ့ကြေးအားလုံးကို ပြန်လည်ပေးလျော်ရမည်။

(ဃ) ကျောင်းပြီးပါက အငယ်တန်းသတင်းထောက်၊ သို့မဟုတ် စာပေလက်ထောက်–၂(လစာနှုန်း ကျပ် ၅၄၀၀–၁၀၀–၅၉၀၀)ရာထူးတွင် ခန့်ထားမည်။

(င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း ၁၀နှစ် တာဝန်ထမ်းဆောင်ရမည်။ ပျက်ကွက်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းခံရပါက ကျပ် ၂၅၀၀၀၀(နှစ်ဆယ့်ငါးသိန်း)ပေးလျော်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ရေးထိုးရမည်။

(စ) လုပ်ငန်းတွင် ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်။

၄။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ညွှန်ကြားရေးမှူး(သတင်း) အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့သို့ ၂၀–၉–၂၀၀၄ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ၊

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်းရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဂ) မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂) ဓာတ်ပုံမိတ္တူတစ်စောင်၊

(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ(ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)၊

(င) ဝင်ကြေးငွေ ကျပ် ၂၀၀ ပေးသွင်းသည့် ချလန်မူရင်း၊ သို့မဟုတ် စာတိုက်ငွေပို့လွှာ(Money Order) ပြေစာမူရင်း။

၅။ စာမေးပွဲဝင်ကြေး ငွေကျပ် ၂၀၀ ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ စက်မှုလက်မှုငွေချေးဌာနစာရင်းအမှတ် (SEE 4201-N)သို့လည်းကောင်း၊ သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤလုပ်ငန်း(ရုံးချုပ်)သို့ ငွေပို့လွှာ (Money Order)ဖြင့်လည်းကောင်း ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) တယ်လီဖုန်းအမှတ်–၂၉၄၆၂၁ သို့ စုံစမ်းနိုင်ပါသည်။

ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဩဂုတ် ၁၁

ရှေ့နေချုပ်ရုံး(ရန်ကုန်)တွင် ကျင်းပသော ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့ အကြုံရှင်းလင်းပွဲကို ရှမ်းပြည်နယ် ဥပဒေအရာရှိ ဦးစိုးမြင့်က ပြည်နယ်အတွင်း ရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများအား ဩဂုတ် ၁၁ ရက် နံနက် ၉နာရီက ရှမ်းပြည်နယ် ဥပဒေရုံးအစည်းအဝေးခန်းမ၌ ထပ်ဆင့် ရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ် ဥပဒေအရာရှိက နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေး အမှာစကားများကိုလည်းကောင်း၊ ရှေ့နေချုပ်နှင့်ဒုတိယရှေ့နေချုပ်များ၏ လုပ်ငန်းမှာကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းမှာကြားချက်များကို လည်းကောင်း အသေးစိတ် ထပ်ဆင့်ရှင်းလင်း ပြောကြားကြသည်။

ထို့အပြင် ပြည်သူအားကိုးယုံကြည်သော ဥပဒေရုံးများဖြစ်လာစေရေးနှင့် ဥပဒေအရာရှိများ၏ အရည်အသွေးမြှင့်တင်ရေးကို မှန်မှန်နှင့်မြန်မြန် ဥပဒေ အကြံပေးချက်များထုတ်ပြန်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ဥပဒေရုံးအဆင့်ဆင့် ကြပ်မတ်စစ်ဆေးရေးစသည့် လက်တွေ့လုပ်ငန်းများကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားကြသည်။ ၎င်းနောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ မြို့နယ်ဥပဒေအရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြအစီရင်ခံကြသည်။ **(က-ပ)**

ရှင်းလင်းတင်ပြ

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ထူထောင်မှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ စစ်ဆေးရာ ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေးစေတီ ဘုရားကုန်းသာယာလှပရေး ဂဝံလိပ်သဲကျောက်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၇

ညောင်လေးပင်မြို့နယ် မဒေါက်၊ ပြည်ကိုတော်ကျေးရွာအနီးရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့်ပြည်တော်အေးစေတီတော်တွင် ရန်ကုန်မြို့ သုဝဏ္ဏနေ ဘုရားဂေါပကဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များနှင့် ရန်ကုန်မြို့မှ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဘုရားကုန်း သာယာလှပစေရေးအတွက် (၄)ကြိမ်မြောက် ဘုရားကုန်းပတ်လည် ဂဝံလိပ်သဲကျောက်များ လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ စေတနာရှင်များသည် ကျောက်တစ်ကျင်း ကျပ် ၇၀၀၀နှုန်းဖြင့် ဖုန်း-၅၇၀၉၆၅နှင့် ၅၇၈၀၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မကွေးတိုင်းကျန်းမာရေး ဆေးစပ်ဆရာ သင်တန်းဆင်းပွဲကျင်းပ

ပခုက္ကူ ဩဂုတ် ၂

မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဆေးစပ်ဆရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ အရေးပေါ်နှင့် ပြင်ပလူနာဌာန ကုသဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး၊ မကွေးတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကျော်လှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေးတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းတွင်ပထမဆု မသန်းရီ (တောင်တွင်းကြီး)၊ ဒုတိယဆု မအေးအေးမူ(မကွေး)၊ တတိယဆု မောင်နိုင်မင်းထွေး (မင်းဘူး)တို့အား တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးကျော်လှမြင့်ကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို တိုင်းဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဌေးတို့ကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(၄၁၃)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်

ကျောက်ကြီး ဩဂုတ် ၂

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မြို့မ(၇)ရပ်ကွက်အတွင်း မိုးရာသီရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ဇူလိုင်ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝမ်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့က အနော်ရထာလမ်း ရေနုတ်မြောင်းတူးဖော်မှုကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (၂၁၁)

ဩဂုတ် ၃ ရက်က ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင်တို့က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ချမ်းသာရ ဘုရားလမ်း လမ်းပေါက် ဖာထေးခြင်းအား ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၃ရက်က မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ စစ်ကိုင်းတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးဌာနမှူး ဦးလှဒေါင်းက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား စိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

တာချီလိတ်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

တာချီလိတ် ဩဂုတ် ၂

တာချီလိတ်မြို့ မြို့မအားကစားကွင်း၌ ဇူလိုင် ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ကျေးရွာရပ်ကွက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပသည်။

ဗိုလ်စွဲ

အဆိုပါ ဗိုလ်လုပွဲတွင် ပုန်းထွန်(က)ရပ်ကွက်အသင်းက ပုန်းထွန်(ခ)ရပ်ကွက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ နေရာအလိုက် အကောင်းဆုံးဘောလုံးသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားများနှင့် ဒုတိယဆုရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော ပုန်းထွန် (က)ရပ်ကွက် ဘောလုံးအသင်းအား ငွေသားဆုနှင့် ဆင့်ပွားဖလားဒိုင်းဆုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ) (ခရိုင်ပြန်/ဆက်)**

မြန်မာ့အသံ

၂၀-၈-၂၀၀၄(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား တောင်ရေချောင်းတမံ)
၁၁း၃၅	သုတရေးရာဖြေကြားလွှာ
၁၂း၀၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ဖြိုးမွေးပင်)
၁၂း၃၀	ဇာတ်လမ်းပမာနားဆင်စရာ (ချစ်သောဖေဖေ)
၁၃း၁၀	ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀	ကျေးလက်ဇာတ်လမ်း (ဆက်ရန်မရှိသတိ)
၁၇း၃၀	မေတို့ရေးရာသိမှတ်စရာ (မိခင်နို့နှင့်အာဟာရ-ဒေါက်တာဒေါ်မြင့်မြင့်ဇင်နှင့် ဆွေးနွေးခန်း)
၁၇း၅၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀	သိပ္ပံပညာသိကောင်းစရာ (ခေတ်မီဆက်သွယ်ရေးလုပ်ငန်းများအကြောင်း-မောင်ဆုရှင်)

ရန်ကုန်-ချောက် ခရီးစဉ် ရွှေမန်းသူမော်တော်ယာဉ်လိုင်းဖွင့်

ချောက် ဩဂုတ် ၃

ဇန္နုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ ရန်ကုန်-ချောက် ခရီးစဉ် ပြေးဆွဲမည့် "ရွှေမန်းသူမော်တော်ယာဉ်"လိုင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၂နာရီက ချောက်မြို့ မြေစာရင်းလမ်း ကုန်တင်ယာဉ်ကြီးများ အသင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်ထွန်းနှင့် ရွှေမန်းသူဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းဝင်းတို့က မော်တော်ယာဉ်လိုင်း ဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌက မော်တော်ယာဉ်လိုင်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။ အဆိုပါ ရွှေမန်းသူယာဉ်လိုင်းသည် ချောက်-ရန်ကုန် တစ်ဦးလျှင် ကျပ် ၄၀၀၀နှုန်းဖြင့်နေ့စဉ်ပုံမှန် အသွားအပြန် ပြေးဆွဲမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှစိုက်ပျိုး သန့်ရှင်းရေးဆောင်ရွက်

ဆွမ်ပရာဘွမ် ဩဂုတ် ၁

ဆွမ်ပရာဘွမ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ရုံးအတွင်းရာသီပန်း စိုက်ပျိုးခြင်း၊ မြေဆွေးမြေဩဇာထည့်ခြင်းနှင့် ရုံးတွင်းရုံးပြင်စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၂၀ ရက်က အငယ်တန်းအင်ဂျင်နီယာ(၃)ဦးဒေဝအောင်နှင့် ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

မော်လမြိုင် စက်မှုဇုန်တွင် သစ်ပင်စိုက်ပျိုး

ကျိုက်မရော ဩဂုတ် ၃

မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၁၅ရက်က ကျိုက်မရောမြို့နယ်ရှိ မော်လမြိုင်စက်မှုဇုန်တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရိုင်နှင့် မြို့နယ်အသင်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သစ်ပင်မျိုးစုံ ၁၄၀၀ ကို တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၂)

ဇူလိုင် ၂၁ရက်က မိုးညှင်းမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နားခါးမြောက်ရပ်ကွက်ရှိ မြို့အထိမ်းအမှတ် ရပ်တုပန်းခြံတွင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဝန်ထမ်းများ ဘဲစားမြက်ခင်း စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၆ ရက်က လပွတ္တာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးဝန်ထမ်း မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြည်နှင့် ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က–ပ)

တုရင်တောင်တန်း စိမ်းလန်းစိုပြည်ရေး သစ်စေ့ကြဲပွဲတော်ကျင်းပ

ညောင်ဦး ဩဂုတ် ၂

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ တုရင်တောင်တန်းစိမ်းလန်းစိုပြည်ရေး သစ်စေ့ကြဲပွဲတော်ကို ဇူလိုင် ၁၇ရက်က ကျင်းပသည်။

ကြဲပက်စိုက်ပျိုး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်ဘကျေးရွာနှင့် ညောင်တိုကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား၁၅၀၀ခန့်က မန်ကျည်း၊ တမာ၊ ရှား၊ ကုက္ကို၊ ဘောစကိုင်းနှင့် ဆူးဖြူစသည့် သစ်စေ့ကိုးတင်းကြဲပက်စိုက်ပျိုးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင်၂၄ရက်က မော်ဝန်းမာလာ ပန်းခြံအတွင်းမြက်များ ရှင်းလင်းခြင်း၊ ပျိုးအိတ်များထည့်သွင်းခြင်းနှင့် ပျိုးပင်များ စနစ်တကျစိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးသန်းဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးမျိုးတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ရေစကြို ဩဂုတ် ၁၂

ရေစကြိုမြို့နယ် ငွေးချိုကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် အလှူရှင်များကိုယ်စား ဦးရွှေဘက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ပေးအပ်

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌက ငွေစာရင်း ရှင်းတမ်းကို ရှင်းလင်းပြောကြားကာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့အား ကျောင်းဆောင်သစ် ဆောက်လုပ်မှုမှတ်တမ်းများကိုပေးအပ်ကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းသူ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းတောင်းမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ပန်းတောင်း ဩဂုတ် ၁၄

ပန်းတောင်းမြို့တွင် သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၈ ရက်က ရပ်ကွက်အသီးသီး၌ ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် မြို့မိမြို့ဖများ လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံရွှေရတုကျင်းပမည်

ပျဉ်းမနား ဩဂုတ် ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန စိုက်ပျိုးရေးသိပ္ပံ ပျဉ်းမနားမြို့၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီးများ အာစရိယပူဇော်ပွဲ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီး ပျဉ်းမနားမြို့ ဖုန်း–၀၆၇–၂၂၁၈၃နှင့် ၀၆၇–၂၂၀၁၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(၁၀၁)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဩဂုတ် ၁၀ ရက်က နေပြည်တော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မိုးရာသီတွင် မြို့တွင်းရှိ ကတ္တရာလမ်းများ၊ လမ်းပေါက်ဖာခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၀၈၅)

မိုင်းဖြတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကျင်းပ

မိုင်းဖြတ် ဩဂုတ် ၁၀

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးသစ်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၈ နာရီခွဲက အဆိုပါ ရုံးမုခ်ဦးရှေ့၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးစိုးစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးထွန်းရွှေက ရုံးသစ်အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးစိုးက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

မွန်နှင့်ကရင်ပြည်နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စုပေါင်းသစ်ပင်စိုက်ပျိုး

မော်လမြိုင် ဩဂုတ် ၈

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာများ၊ ပြည်နယ်/မြို့နယ် ရုံးဝန်ထမ်းများနှင့် ဆိုင်ဝန်ထမ်းများ ဩဂုတ် ၁ရက်က မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရုံးခွဲများ၊ ရုံးများ၊ စက်သုံးဆီအရောင်းဆိုင်ဝင်းများနှင့် ပတ်ဝန်းကျင်များ၌ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်နှင့် ပန်းပင်မျိုးစုံ ၂၀၀၀ ကျော် စုပေါင်းစိုက်ပျိုးကြသည်။

အထိမ်းအမှတ်

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိ ဦးမောင်စန်းနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကြပြီး အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးကြသည်။ **(၁၆၈)**

ဇူလိုင် ၂၂ရက်က ဝိုင်းမော်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ဦးဆောင်သော ရပ်ကွက်ပြည်သူများနှင့် ရုံးဝန်ထမ်းများ ပူးပေါင်း၍ မြစ်ကြီးနား–ဗန်းမော် လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ကြစဉ်။ (ပြည်နယ်စည်ပင်)

ဓာတ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးထွန်းကြည် (ဒုတိယမန်နေဂျင်း ဒါရိုက်တာ၊ မြဝတီဘဏ်လီမိတက်၊ ရန်ကုန်)–ဒေါ်တင်ဦးတို့၏ တူသား၊
ဦးမျိုးနိုင်(Electrical Engineer, Jurong Shipyard S'pore Pte, Ltd.)-ဒေါ်ခင်မြင့်ကြည်
တို့၏သားထွေး
မောင်ကျော်ထွန်း (Dip in Telecom TP)
Technical Specialist, Hewlett S'pore Pte, Ltd.
နှင့်
ဦးလှထွန်း (Chemical Engineer, Chemical Industrices Far East Ltd. S'pore,)–ဒေါ်ဆွေဆွေသန်း
တို့၏သမီးကြီး
မဖြိုးသက်ဝေ (Dip in Electrical Engineering, SP)
Customer Care Executive, Informatic Computer School Singapore.
တို့သည် ၂၇–၆–၂၀၀၄ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်ကျော်ထွန်း–မဖြိုးသက်ဝေ။

ခြံရောင်းမည်

(၂)ဧက၊ ရွှေပေါက်ကံ၊
ရေမီးအစုံအလင်။
ဖုန်း–၆၆၁၂၂၉၊ ၇၀၄၈၇၉။

အများသိစေရန်ကြေညာချက်

မန္တလေးမြို့ နန်းတွင်းစက္ကူစက်ရုံနေ ဦးအောင်သန်းစိုး (အမ်အမ်အီး–၅၉၆၀၇၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

မော်လမြိုင်မြို့ ဘိုကုန်းရပ် တောင်ဗိုလ်ချုပ်လမ်း(ယခုအောက်လမ်းမကြီး) အိမ်အမှတ် ၅၆၈ နေအိမ်နှင့် ထိုအိမ်အဆောက်အအုံ တည်ရာမြေတို့မှာ ကျွန်ုပ်အမှုသည် ဦးအောင်သန်းစိုး၏ အဘိုးဦးအေးမောင်နှင့် အဘွားဒေါ်သောင်းမေတို့ပိုင် ဖြစ်ပါသည်။ ယခုအခါ အဘိုးနှင့်အဘွား ကွယ်လွန်ခဲ့ကြပြီဖြစ်၍ သူတို့၏ သားသမီး(၇)ဦးတို့က အမွေဆက်ခံ ပိုင်ဆိုင်ကြပါသည်။ သားသမီး(၇)ဦးအနက် ဦးမောင်ချစ်မှာကွယ်လွန်ခဲ့ပြီး ဒေါ်ရင်ကြည်မှာလည်း ၃–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ပါသည်။ ဒေါ်ရင်ကြည်တွင် တစ်ဦးတည်းသောသား ဦးအောင်သန်းစိုး ကျန်ရစ်ခဲ့ပါသည်။

ထို့ကြောင့် ဖော်ပြပါမြေနှင့်အိမ်ကို အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်အမှုသည် ဦးအောင်သန်းစိုး၏ သဘောတူခွင့်ပြုချက်မရဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း စသည်များ မပြုလုပ်ရန် ကန့်ကွက်တားမြစ်လိုက်ပါသည်။ ပြုလုပ်ခဲ့ပါက မည်သူမဆို တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် နောက်ဆုံးသတိပေး အကြောင်းကြားလိုက်ပါသည်။

ဦးထွန်းဝေ(ဝိဇ္ဇာ၊ဥပဒေဝိဇ္ဇာ)
တရားရုံးချုပ်ရှေ့နေကြီးနှင့်နိုတြီပဗ္ဗလစ်
(မြန်မာ့စီးပွားရေးဘဏ်(၃)နှင့်
မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တို့၏ရှေ့နေ)
အမှတ် ၂၈(ခ)၊ ၃၂ လမ်း၊ (၆၈ လမ်းနှင့် ၆၉ လမ်းကြား)
နယူးစီဗွီလိုင်း၊
မန္တလေးမြို့၊ဖုန်း–၆၄၈၇၉။

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုကြီး
အသက်(၉၄)နှစ်

တစ်နေ့ တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)မှ စီမံကိန်းမန်နေဂျာ ဦးချိုထွန်း၏ ဖခင် ဦးကိုကိုကြီးသည် ၁၅–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု
မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း။

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုကြီး
အသက်(၉၄)နှစ်

တစ်နေ့ တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)မှ စီမံကိန်းမန်နေဂျာ ဦးချိုထွန်း၏ ဖခင် ဦးကိုကိုကြီးသည် ၁၅–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံကိန်းညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု
တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)။

ကျေးဇူးတင်ရှိခြင်း

ဒေါ်နုနုရီ
လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)
(က–က–ငွေ)

၇–၈–၂၀၀၄ရက်တွင်ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်နုနုရီ(လ/ထ ညွှန်မှူး–ငြိမ်း) (ကကငွေ)၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာကူညီပံ့ပိုး အားပေးခဲ့ကြသော ဒုတိယညွှန်ချုပ်နှင့်တကွ (ကကငွေ)မိသားစုများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လိုက်ပါပို့ဆောင်ကြသူများ၊ ဖုန်းဖြင့်အားပေးပြောကြားသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကမ္ဘာအေးစွန်းလွန်းဆရာတော် မွေးနေ့ကံထပ်ပွဲ

ကမ္ဘာအေးစွန်းလွန်းဆရာတော် အရှင်ဝိနယ၏ (၉၁) နှစ်မြောက် မွေးနေ့ဖြစ်သော ၁၃၆၆ ခု၊ ဝါခေါင်လပြည့် ၃၀–၈–၂၀၀၄ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ဆရာတော်အား ယောဂီများစုပေါင်း၍ သိက္ခာထပ်ပါမည်။ **ကမ္ဘာအေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာ တိုက်နံပါတ် (၈) အခန်းအမှတ် ၆နေ ဒေါ်ခင်သွယ် (CA-၀၄၇၆၉၅)၊ ဒေါ်ရီရီသွယ် (CA–၀၄၇၉၆၇)နှင့် ဒေါ်ခင်စုစုသွယ် (CA-၀၅၉၈၇၄)တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့ ကွင်းအမှတ် ၃၊ A ပုပ္ပဋ္ဌာဏီ၊ ဦးပိုင်အမှတ် ၈၄၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေသည် ဒေါ်ခင်ညွန့်၊ ဒေါ်မြမေ၊ ဒေါ်ခင်မြနှင့် ဦးထွန်းဆင်တို့ အမည်ပေါက်သော မြေဖြစ်ပါသည်။ ယခုအခါတွင် ထိုမြေပိုင်ရှင် လေးဦးမှာလည်း ကွယ်လွန်ကြပြီ ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေအား ဒေါ်ခင်သွယ်ပါ သုံးဦး၏ အမည်သို့ ပြောင်းမည်ဖြစ်ပါ၍ ဒေါ်ခင်ညွန့်ပါ လေးဦး၏ အမွေစားအမွေခံများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ သို့မဟုတ် ကျောက်တန်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းရုံးသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဒေါ်နွဲ့နွဲ့ဝင်း(B.A, R.L)
တရားရုံးချုပ်ရှေ့နေ(၂၁၅၈)
အမှတ် ၁၂၆၊(ပထမထပ် ဝဲ) ၃၂လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်
ဖုန်း–၂၈၃၇၂၁။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၅၊ နည်းဥပဒေ ၁ နှင့် ၅
မကွေးတိုင်းတရားရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်–၂၁

ခရိုင်မန်နေဂျာ	**နှင့်**	၁။ ဦးတင်ညွန့်
မြန်မာ့စီးပွားရေးဘဏ်၊မကွေးမြို့။		၂။ ဒေါ်ခင်မျိုးမြင့်
တရားလို		**တရားပြိုင်**

မကွေးမြို့၊ မြို့ဟောင်းရပ်၊ အမှတ် ၁၇၆၊ ဘုရားလမ်းနေ (၁) ဦးတင်ညွန့်၊ (၂) ဒေါ်ခင်မျိုးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေပေါင်း ၇၈၂၅၃၉၅ ကျပ်၊ ၂၆ ပြား ရလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၀ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းလွင်
တိုင်းတရားသူကြီး
တိုင်းတရားရုံး၊ မကွေးမြို့။

ကျိုက်ထိုမြို့နယ်အသင်း

ဦးထွန်းတင်
ရာသက်ပန်အသင်းဝင်
အသက်(၈၇)နှစ်

ကျိုက်ထိုမြို့နယ်အသင်း ရာသက်ပန်အသင်းဝင် ဦးထွန်းတင်သည် ၁၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ကျိုက်ထိုအသင်းသူ အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

မြိတ်အသင်း

ဦးဘသောင်း
(မြိတ်)
အသက်(၈၅)နှစ်

မြိတ်မြို့နေ (ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့ ၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၁၊ ၈၈ လမ်း၊ ၆ လွှာ (ယာ)နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်အမှတ် ၁၆၃၅သည် ၁၅–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။



Vacancy Announcement for Mandalay and Inlay

(For Local Service Only)

- **Finance Manager**
  - B.Com./LCCI Level III
  - At least 3~5 years experience in Hotel Industry Preferable
  - Computer Knowledge (MIT/Fidelio)
  - Has good command in English
- **Sr. Sales Manager**
  - Leadership ability and sound marketing knowledge
  - At least 3~5 years experience in Hotel Industry Preferable
  - Has good command in English

Please submit your applications to
Summit Parkview
Rm 222, 2nd Floor (Yangon Office)
350, Ahlone Road, Dagon Township, Yangon
on or before 27th August 2004
The following requirements:
- Curriculum Vitae/ Educational Qualifications/ Certificate
- License photos (2) nos./ Copy of Labour Card & NRC Card

Only short listed candidates will be informed for interview.

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး(အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁–၉–၂၀၀၄ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၁) (၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း(ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်။)
၂။ အခြေခံဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။
၅။ ပိုက်ဖစ်တာသင်တန်း။

တည်နေရာ– ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။(မဟာဗန္ဓုလတံတားအနီး။)
တယ်လီဖုန်း––၀၁–၂၉၁၃၁၃၊ ၀၁–၂၉၁၃၁၄၊ ၇၂၆၅၇၂(ရုံးချိန်အတွင်းသာ)။

အမည်ပြောင်း

အထက (၂) တာမွေ အဋ္ဌမတန်း (B)မှ ဦးမြင့်ဌွေး၏သား မောင်ဇင်မင်းသူအား ယနေ့မှစ၍ မောင်မင်းသက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသက်ခိုင်။





နှစ်(၄၀)ပြည့် မင်္ဂလာဆုတောင်း

ဦးကျော်မြင့် ဒုညွှန်ကြားရေးမှူး(ဘဏ္ဍာရေး၊ငြိမ်း)၊ အကြံပေးအရာရှိ(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–ဒေါ်ညွှန့်ညွှန့်နွယ်တို့၏ နှစ်(၄၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

သမီးကြီး – **Dr. ဝါဝါဝင်းမြင့်(အာရုတော်ဝင်)–ဗိုလ်ကြီးနိုင်အောင် (ဆေးမှူး)**

သမီးလတ် – **ဗိုလ်ကြီးဖြူဖြူဖွေးမြင့် (တပ်မတော်ဆေးရုံကြီး)–**
ယာယီတပ်ခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးထွန်းအောင်ခိုင်

သမီးငယ် – **ဒေါ်သီသီသန်းမြင့် နည်းပြ(ရန်ကင်းပညာရေးကောလိပ်)–**
ဦးကြည်တင်(လျှပ်စစ်အင်ဂျင်နီယာ) (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)

မြေးများ – **မစုရတနာအောင်၊ မပြည့်ဖြိုးသီဂီအောင်၊ မောင်ပြည့်ဖြိုးသီဟအောင်၊ မောင်ကောင်းထိုက်တင်၊ မောင်ကောင်းထက်တင်၊ မမျိုးသီရိတင်၊ မောင်သက်ပိုင်ထွန်း။**

ဝန်ထမ်းအလိုရှိသည်
(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌သာ ခန့်ထားရန်)

Trade Sea Co., Ltd. တွင် ခန့်ထားရန် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

၁။ **Marketing** ကျား/မ (၂) ဦး
၂။ **အရောင်းပြခန်းတာဝန်ခံ** မ (၁) ဦး

- အသက် ၃၀ နှင့် ၃၅ နှစ်ကြားရှိရမည်။
- Computer နားလည်ပြီး အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။
- နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်ပူးတွဲ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

Trade Sea Co., Ltd.
အမှတ် ၉၀၊ ၄၉ လမ်း(အလယ်ဘလောက်)ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၂၃၇၄၊ ၂၉၀၈၄၄။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်၊ ဗညားဒလအိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးလှညွှန့် ၁၂/တမန(နိုင်) ၀၇၂၈၄၇	ဦးတင်လှိုင် ၁၂/တမန(နိုင်) ၀၄၉၃၉၇	တိုက်(ဘီ–၃) အခန်းအမှတ်–၁၅ ဗညားဒလအိမ်ရာ
၂။	ဒေါ်အေးမြင့် ၁၂/တမန(နိုင်) ၀၅၆၀၁၂		

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကုန်းဘောင်ခေတ်
မြန်မာ့လူမှုအဖွဲ့အစည်းနှင့်တရားမှုခင်းများ
ဒေါက်တာတိုးလှ
ထွက်ပြီ

ဖြန့်ချိရေး – မျိုးဆက်သစ်စာပေ၊ အမှတ် ၁၈၀၊ ဆူးလေဘုရားလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။

ဖုန်း–၂၄၁၁၂၈

အမည်ပြောင်း

အဖ ဦးညီညီခိုင်၏သား အထက (၃)တာမွေ ဒသမတန်း(C)မှ မောင်နန္ဒာရှိန်း ၁၂/တမန (နိုင်) ၁၁၀၂၉၉ အား မောင်ဖြိုးကျော်ဟံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးကျော်ဟံ။**

ဖခင်အမည်မှန်

အထက (၁)ဘားအံမြို့ ဒသမတန်းမှ နန်းခင်ခင်ဌေး၏ ဖခင်အမည်မှန်မှာ ဦးသန်းတင် ဖြစ်ပါသည်။ **ဖခင်–ဦးသန်းတင်။**

ကျေးဇူးဆပ်ပါမည်

ဇော်မင်းဦး CDC-58518 ၏ T/Fလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဇော်မင်းဦး
Ph: 579772

အမည်ပြောင်း

ဦးမြင့်သန်း၏သမီး အလက တိုက်ကြီး အဋ္ဌမတန်း (E)မှ မဝင့်ရည်အောင်အား မဝင့်ရည်သန်းဟု ပြောင်းလဲခေါ်ပါရန်။ **မဝင့်ရည်သန်း။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ စိတ္တာသုခရပ်၊ နယ်မြေ ၁၃၊ နီလာလမ်းနေ ဦးဘသန်း–ဒေါ်တင်လှတို့၏သား မောင်တင်မောင်ဝင်း ၁၃/တကန(နိုင်)၀၃၄၅၄၇ သည် မိဘဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်မှု လုံးဝမရှိတော့ပါကြောင်း။
ဦးဘသန်း–ဒေါ်တင်လှ
ရွှေညောင်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၉၅၉၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် ယ/၆၃၅၀၉ (ဟွန်ဒါ)၊ မော်တော်ယာဉ် ဘ/၈၄၄၉ (ဗင်)လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(တောင်ကြီး)။**

ဖခင်အမည်မှန်

ဘားအံမြို့ အထက (၁) ကျောင်းမှ နန်းခိုင်ဇာလင်း (နဝမတန်း) နှင့် နန်းလင်းလင်းခိုင် အဋ္ဌမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစစ်လင်းဖြစ်ပါသည်။ **ဖခင် ဦးစစ်လင်း။**

ရဟန်းအမကြီး
ဒေါ်မြိုင် (ဝက်လက်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဓမ္မပိယရိပ်သာ ဆရာတော်၏မယ်တော်၊ စစ်ကိုင်းတိုင်း၊ဝက်လက်မြို့နယ်၊တဂေါင်းဒေါင့်ရွာ (ဦးခေတ်)၏ဇနီး၊ ဦးအောင်ရွှေ–ဒေါ်စောအေး၊ ဦးအောင်ဝင်း–ဒေါ်အုန်းငွေ၊ ဒေါ်ဝင်းစိန်၊ ဦးသန်းမောင်–ဒေါ်ဝင်းမေ၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါ၍ ၁၇–၈–၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဦးပညာ(ခ)
ဦးချစ်စရာ (သူရဲသမိန်)
သက်တော်(၇၅)နှစ်၊
သိက္ခာတော်(၄)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာနေ(ခမည်းတော် ဦးမျိုးညွှန့်–မယ်တော် ဒေါ်အေးခင်)တို့၏သား၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ဣန္ဒြီတံအိမ်ရာ၊ တိုက်အမှတ် SH(၂)၊ အခန်းအမှတ် ၃၀၅ နေ ဒေါ်တင်နု၊(ဒေါ်တင်ဥ)၊ (ဒေါ်တင်ပု)တို့၏မောင်၊ (ဒေါ်ဝင်းသီ)၏အစ်ကို၊ ဦးလှသိန်း[ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း)]–ဒေါ်မာလာမျိုးစိန်၊ဦးမြင့်စိုး–ဒေါ်စန်းစန်း၊ (ဦးလှထွဋ်)–ဒေါ်ချိုအေးတို့၏ဖခင်၊ (ဒေါ်ကြီးမြင့်)၏ခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄–၈–၂၀၀၄ရက်(စနေနေ့)ည ၁၁း၃၀ နာရီတွင်ဗဟိုရ်စည်ဆေးခန်း၌ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှထွန်း
တပ်မတော်–လေ(ငြိမ်း)
အသက်(၆၉)နှစ်

ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့နယ်၊ သာလှပင်စည်ရွာနေ (ဦးဟန်သာ)–ဒေါ်ကြင်တို့၏သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကံခင်းစုရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် ၁၂ နေ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ ဦးမြစိုး (ဒုရဲအုပ်၊ ကော့သောင်း)–မလှဲလှဲမိုး၊ ဦးငွေအောင်–ဒေါ်မိငယ်(ခ)မစိုးစိုးရီ၊ တပ်ကြပ် ညီညီထွန်း(တပ်မတော်–လေ) – မခင်သိန်းဝင်း၊ တပ်ကြပ်မြတ်ထွန်းအောင် (တပ်မတော်–လေ) – မနွယ်နွယ်ဝင်းတို့၏ ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

တရားရုံးချုပ်ရှေ့နေ ဦးဇော်ဝင်း၊ ဒေါ်တင်မေနှင့် အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၂၃ လမ်း၊ အမှတ် ၁၁၃၊ အခန်း(၂)နေ အမျိုးသားမှတ်ပုံတင်အမှတ် (ဂျီ/အာရ်ဂျီအင်န်–၀၀၈၇၉၁)ကို ကိုင်ဆောင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးညွှန့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

၂၃–၇–၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)တွင် ကျွန်ုပ်၏ မိတ်ဆွေ ဦးညွှန့်ကြည် နေထိုင်လျက်ရှိသော နေအိမ်ခန်းကို ဒေါ်တင်မေက ကျမ်းကျိန်စာပြုလုပ်ပြီး ပေးအပ်ကြောင်းနှင့် ယင်းကျမ်းကျိန်စာကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ကြောင်း ကြေညာထားပါသည်။

မရွှေ့မပြောင်းနိုင်သော နေအိမ်ခန်းကို ကျမ်းကျိန်လွှာပြုလုပ်ပြီး ပေးကမ်း၍ မရသည်ကိုလည်းကောင်း၊ ကျမ်းကျိန်စာကို မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရုံမျှဖြင့် တရားဝင် အပေးမမြောက်သည်ကိုလည်းကောင်း သိရှိပါလျက် ကျွန်ုပ်၏ မိတ်ဆွေအား သိက္ခာကျစေရန် သတင်းစာမှ ကြော်ငြာခဲ့သဖြင့် ယင်းကြော်ငြာကို ခုနစ်ရက်အတွင်း ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ တောင်းဆိုချက်ကို လိုက်နာရန် ပျက်ကွက်လျှင် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ပြဿနာများသည် တရားရုံးချုပ် ရှေ့နေ ဦးဇော်ဝင်း၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညွှန့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလှမြင့်(B.A, H.G.P, R.L)
အထက်တန်းရှေ့နေ
အမှတ် ၅၅၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၇က/၅၆၉၈မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း ဒါယိကာမကြီး
ဒေါ်ခင်မြ (ပိန်းဇလုတ်)
(အောင်မင်းခေါင် ကသစ်ဝိုင်ဓမ္မရိပ်သာ)
(ပဲခူးမြို့)
အသက်(၈၀)

ပဲခူးမြို့ အောင်မင်းခေါင်ကသစ်ဝိုင်ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဒုမ၏ ရဟန်းမယ်တော်ကြီး၊ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုတ် မြို့နယ်၊ ပိန်းဇလုတ်မြို့နေ (ဦးသန်းမောင်–ဒေါ်စိန်ညွှန့်)တို့၏ သမီး၊ ဦးကြင်ရွှေ၏အစ်မ၊ ဦးမြင့်သိန်း–(ဒေါ်ခင်အေးမြင့်)၊ ဒေါ်ချိုချို၊ ဒေါ်ကြူကြူ၊ ဦးဆောင်း–ဒေါ်ယုယုစိုး၊ ဒေါ်ဥတ္တရာထေရီ၊ဦးအောင်နိုင်ဇော်–ဒေါ်ခင်မာဝင်း၊ ဦးခင်မောင်လွင်–ဒေါ်နီလာဝင်း၊ ဦးကိုကိုလွင်–ဒေါ်အေးအေးဦး၊ ဦးညီညီလွင်တို့၏ကျေးဇူးရှင်မိခင်(ဦးစံခင်)၏ ဇနီးသည် ၁၆–၈–၂၀၀၄ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ ရက် ညနေ ၃ နာရီတွင် အောင်မင်းခေါင် ကသစ်ဝိုင် ဓမ္မရိပ်သာမှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းပဒေ ၂၀)
ရန်ကုန်တိုင်း တရားရုံး၌
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၅၃

ဦးအောင်နိုင်သူ အမှတ်(၉/၁၁)၊ဗောဓိရိပ်သာလမ်း ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	**နှင့်**	ဦးသန့်ဇင်အောင် တိုက် ၈၊ အခန်း (အေ–၁) မဟာမြိုင်အိမ်ရာ၊ (၄၁) တိုးချဲ့ ရပ်ကွက်၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝိစာရလမ်း၊(၄၁) တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ အခန်း(အေ–၁)၊ တိုက် (၈)နေ ဦးသန့်ဇင်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ် ၅၀၀၀၀၀၀ိ/–(ကျပ်သိန်းငါးဆယ်) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၁၀ ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဦးလှအေး
တွဲဖက်တိုင်းတရားသူကြီး(၁၃)
ရန်ကုန်တိုင်းတရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၏ဖခင်ဖြစ်သူ ဦးပညာ(ခ)ဦးချစ်စရာ(အသက်–၇၈နှစ်)သည် (၁၄–၈–၂၀၀၄)ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အထွေထွေမန်နေဂျာနှင့်
အရာထမ်း၊အမှုထမ်းများ
အထူးသတ္တု(၂)ရွှေထုတ်လုပ်ရေးစီမံကိန်း
ကျောက်ပုထိုး၊ကောလင်းမြို့။

ဘုရားဒါယကာကြီး
ဦးဘသောင်း (မြိတ်)
အထက်တန်းလေယာဉ်မောင်(ငြိမ်း)
B.A.C
အသက်(၈၅)နှစ်

မြိတ်မြို့နေ (ဦးစိန်မြအုံ–ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးထွန်းလင်း–ဒေါ်ဖော့)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ်၄၁၊ ၈၈ လမ်း (ခြောက်လွှာ–ယာ)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ မသဥ္ဇာမောင် (Myanmar Zentsu Co.,Ltd.)၊ မောင်နေမျိုးမောင်၊ မမေနှင်းမောင်(Hotel Nikko)၊ မောင်ကျော်မျိုးမောင်၊ မောင်ထွန်းမင်းလတ်၊ မောင်ကျော်စိုးထွန်း၊မောင်တင်ဇော်အောင်၊ မသက်နွယ်တင်တို့၏အဘိုးသည် ၁၅–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၄း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးခင်လှိုင် (ငြိမ်း)
အသက်(၆၇)နှစ်

မိတ္ထီလာမြို့နေ အငြိမ်းစားရဲဌာနအုပ်(ဦးဘခင်–ဒေါ်ဒေါ်စိုး)တို့၏သား၊ (ဦးလှဖေ–ဒေါ်အေးမှီ)တို့၏ သားသမက်၊ မန္တလေးမြို့ မဟာမြိုင် (၁)ရပ်ကွက်၊ ၆၄x၆၅ လမ်း၊ ၄၂–၄၃ လမ်းကြား၊ အမှတ် န/၇ (၂၆–၃၅)နေ ကိုတင်ယု–မရီရီလှိုင်(ဇင်စက်ပစ္စည်းရောင်းဝယ်ရေး)၊ Dr.°စန်းလှိုင်–မစိုးသန္တာထွန်း(မိုးကုတ်မြို့ပြည်သူ့ဆေးရုံ)၊ ကိုအောင်လင်း–မစန္ဒာလှိုင်(အရုပ်မျိုးစုံရောင်းဝယ်ရေး–ဈေးချို)တို့၏ဖခင်၊ မဇင်မြတ်မိုးယုလှိုင် အဋ္ဌမတန်း(A) အထက(၈)၊ မောင်သုဝဏ်လှိုင် ဆဋ္ဌမတန်း (B) အထက (၁၁)၊ မောင်ထွဋ်ပြည့်ဖြိုးလှိုင် ပထမတန်း(A)အထက(၇)၊ မအိမ့်မှူးသော်တာလှိုင် ပထမတန်း (A) အထက (၈)၊ မောင်ခက်နန္ဒလှိုင်၊ မောင်ကောင်းသုတလှိုင်တို့၏ အဘိုး၊ ဒေါ်တင်တင်ရွှေ၏ ခင်ပွန်းသည် (၁၅–၈–၂၀၀၄)ရက် နံနက် (၉း၀၀)နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ (၅း၀၀)နာရီတွင် ကြာနီကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ ရေချမ်းစင် ဒါယိကာမကြီး
ဒေါ်ချို့နွယ်ဦး(ခ)ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း–ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ ရေနံချောင်းမြို့နေ(ဦးဗလ–ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၇၅၊ ရာဇသင်္ကြန် ၇ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ဇနီး၊ မသူသူဇော်၊ မထိုက်ရွှေရည်ဦး၊ မောင်အောင်သူရဇော်(ပဋ္ဌမတန်း၊အထက–၂၊ ဗဟန်း)တို့၏မိခင်သည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနဝရတ်ကျော်ဇော(ခ)ကိုကျော်ဇော (ရန်ကင်း)
အထက(၁)ရန်ကင်းကျောင်းသားဟောင်း
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေကျော်၊ ကွက်သစ်လမ်း၊ အမှတ် ၁၅ (ငါးလွှာ၊ A)နေ မလွင်လွင်ခိုင်(ပြုံးပန်းတစ်ရာစာပေ)၏ခင်ပွန်း၊ မောင်အေးကျော်ဇော(ပထမတန်း– ခ၊ အမက–၁၂၊ မင်္ဂလာတောင်ညွန့်)၏ဖခင်၊ ခင်ကျော့ကျော့ဝင်း၊ နဝရတ်စန္ဒာလင်း(Ni Lay Naing Co.,)၊ နဝရတ်နိုင်လင်း(UCS Co.,)၊ နဝရတ်မိုးဟိန်း(ဘားအံသဘော်၊ ကြယ်ငါးပွင့်)၊ နဝရတ်ကျော်ဟိန်း၊ နဝရတ်ထွဋ်အောင်မြင့်(Ni Lay Naing Co.,)၊ နဝရတ်ဆုယဉ်မွန်(Second Year Phil)၊ နဝရတ်ချစ်စုပို–ကျော်ဇင်ဦး၊ နဝရတ်ကျော်ထက်နိုင်(First Year,Zoo)တို့၏အစ်ကိုကြီးသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဝမ်းနည်းကြေကွဲခြင်း

ငပလီကမ်းခြေဟိုတယ်၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးမောင်မောင်ခဆွေသည် ၁၆–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာများနှင့်ဝန်ထမ်းများ
သရပါဂိတ်ဟိုတယ်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမောင်စောထွန်း
(ရွှေရတနာဆိုင်ရှင်)(စစ်တွေမြို့)
အသက်(၉၀)

စစ်တွေမြို့၊ ရွှေပြားမြောက်ရပ်ကွက်၊ သဝင်တန်းလမ်းနေ ဒေါ်စံလှဖြူ(ဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ဦးစောသိန်း–ဦးကျော်တင်၊ ဒေါ်စောယဉ်၊ ဒေါ်စောတင်–ဦးကျော်အေး၊ ဒေါ်မဖြူ၊ ဦးမောင်သာထွန်း၊ ဦးမောင်ဘစံ၊ ဦးမောင်ကျော်လှ၊ ဦးလှဖေတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဖိုးရှင်သည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ကျော်
(MEPE) ကျွမ်းကျင်(၃)
(ကမာရွတ်မြို့နယ်)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ အမှတ် ၈ နေ ဦးမောင်မောင်ရင်–(ဒေါ်မြသင်)(ခရမ်း)တို့၏သား၊ကိုဝင်းနိုင်(ကွန်ပျူတာဌာန၊ စာပေဗိမာန်)၊ မသီတာရင်(AMBO)၊ ကိုသန်းထွန်းအောင်–မနီလာရင်၊ မောင်မိုးနိုင်၊ မအိရွှေတင်တို့၏အစ်ကို၊မလွင်လွင်အောင်(အထက–၄၊ တာမွေ)၊ မောင်အောင်မြင့်မြတ်(အမက–၉၊ တာမွေ)တို့၏ဘကြီးသည် ၁၇–၈–၂၀၀၄ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သန်း
(ရမ်းဗြဲ၊မာန်အောင်)
စိန်ရတနာရောင်းဝယ်ရေး
အသက်(၄၀)

ရမ်းဗြဲမြို့၊ ရွှေတုံးရပ်ကွက်နေ(ဦးပန်းမောင်ဦး) – ဒေါ်ဦးကြာဖြူတို့၏ သား၊ မာန်အောင်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ (ဦးနီထွန်း)–ဒေါ်နှင်းကြိုင်တို့၏ သားသမက်၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၂၀ နေ ဒေါ်ဆွေဆွေမြင့်(ပုံ့ကလေး)၏ခင်ပွန်း၊ မနေကြည်လှိုင်၊ မကြယ်စင်ဝင့်ထည်တို့၏ဖခင်၊ ဦးပန်းရွှေအောင်–ဒေါ်သန်းရွှေ၊ ဦးကျော်မြ၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်မြခင်–ဦးထိန်လှ၊ (ကိုမြသောင်း)–မချိုချို၊ မမြသန်း၊ မမြကြည်၊ မသန်းသန်းနွယ်၊ ဦးထွန်းမြင့်–ဒေါ်သန်းခင်တို့၏ ညီ/မောင်/အစ်ကိုကြီးသည် ၁၇–၈–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၄း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၁–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးတင်မြင့် (ထိန်တော)
ကျိုက်ပိုင်းဘုရားဂေါပက
(အိရွှေစင်ဖြိုးရတနာဆိုင်၊ ကမ္ဘာအေးဈေး)
အသက်(၇၀)

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ်(၉)ရပ်ကွက်၊ အညာစုလမ်း၊ အမှတ် ၄၅/၅ (ည)နေ ဒေါ်စန်းခင်၏ခင်ပွန်း၊ (ဦးအုန်းရွှေ – ဒေါ်အေးလှ)တို့၏သား၊ (ဦးတင် – ဒေါ်လှကြွယ်)တို့၏ သားသမက်၊ ဦးဝင်းအောင်(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကျိုင်းတုံ)–ဒေါ်သန်းသန်းမြင့်၊ ကိုမောင်ထွန်း–မမြင့်မြင့်စိုး(ခ)သင်းအိခိုင်၊ ကိုနေအောင်–မစန်းစန်းယု၊ ကိုစံမင်းထွန်း–(မမြင့်မြင့်ချို)တို့၏ဖခင်၊ ကိုအေးသန့်(ကစလ)၏ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနဝရတ်ကျော်ဇော(ခ) ကိုကျော်ဇော (ရန်ကင်း)
အထက(၁)ရန်ကင်း ကျောင်းသားဟောင်း
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေကျော်၊ ကွက်သစ်လမ်း၊ အမှတ် ၁၅ (ငါးလွှာ၊ A)နေ (ဦးအေးကြွယ်)–ဒေါ်အေးကြည် (အငြိမ်းစား၊ စာတည်း၊ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန)တို့၏မြေး၊ ဦးကျော်လင်း(တိုင်းရင်းဆေးဆရာ အပတ်စဉ် ၃/၂၀၀၄) – ဒေါ်စန်းမြင့်တို့၏ သား၊ (ဗိုလ်ကြီးကျော်အုန်း) – ဒေါ်အေးအေးကျင်တို့၏ သားသမက်၊ ဒေါ်ချိုချိုမြင့်–ဦးဌေးဝင်း(၃) (အကောက်ခွန်ဓာတ်ပုံ၊ စစရ)၊ ဒေါ်ရင်ရင်မြင့် (အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန) – ဦးအောင်ကျော်ညွန့် (Mariner Shipping Co.,)၊ ဒေါ်ခင်စန်းလင်း (စာရင်းစစ်မှူး၊ ရန်ကုန်တိုင်းစာရင်းရုံး)၊ ဦးတိုးနိုင်(ဗဟိုတရားရုံးချုပ်ရှေ့နေ)–ဒေါ်မြင့်မြင့်ထွန်းတို့၏တူ/သား၊ မလွင်လွင်ခိုင်(ပြုံးပန်းတစ်ရာစာပေ)၏ခင်ပွန်း၊ မောင်အေးကျော်ဇော(ပထမတန်း–ခ၊ အမက–၁၂၊ မင်္ဂလာတောင်ညွန့်)၏ဖခင်သည် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၈–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်ဒါယိကာမကြီး
ဒေါ်မိမိကြီး (သထုံ)
(သဒ္ဓမ္မရံသီရိပ်သာယောဂီ)
အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၀၉ (မြေညီထပ်)နေ (ဦးဘကို–ဒေါ်မြခိုင်)တို့၏သမီး၊ (ဦးကိုကို)၏ဇနီး၊ ဒေါ်ဦးခင်–ဦးမောင်မောင်၊ ဦးမောင်မောင်ကို–ဒေါ်ယဉ်ယဉ်သိန်းတို့၏မိခင်၊ မသက်သက်ခိုင်–ကိုမြသောင်းထွန်း၊ မခင်ဆွေသက်–ကိုကျော်မျိုးဇော်၊ မမေမွန်သူတို့၏အဘွားသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆း၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ကျင်မြ(ခ)ဒေါ်စံမေ
(ကြက်ဆူကျင်းကျေးရွာ၊ ရေစကြိုမြို့)
အသက်(၈၄)နှစ်

၁၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ကျင်မြ၏ နာရေးကိစ္စတွင် အဘက်ဘက်မှကူညီအားပေးနှစ်သိမ့်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်ရီရီ
ဒု–ရဲအုပ်(ငြိမ်း)(အင်္ဂပူ)
အသက်(၈၃)နှစ်

ကျေးဇူးရှင်မိခင်ကြီးဒေါ်ရီရီ နာမကျန်းဖြစ်စဉ်က ဂရုတစိုက် ကြပ်မတ်စောင့်ရှောက်ကုသပေးခဲ့ကြသော ရွှေဂုံတိုင်အထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးများ၊ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့၊ တာဝန်ကျ ဆရာဝန်များနှင့် သူနာပြုဆရာမများ၊ သတင်းမေးမြန်းအားပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိခင်ကြီး၏ နောက်ဆုံးခရီးအတွက် အစစအရာရာ ကူညီလိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွှမ်းသူ့ပန်းခြင်းနှင့်ပန်းခွေပေးပို့ခြင်း၊ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြခြင်းပြုခဲ့ကြသော မြန်မာ့မီးရထား၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ကေသီခင်
B.A (Geo:) (ဝါးခယ်မ)
အသက်(၅၉)နှစ်

ဝါးခယ်မမြို့နေ(ဦးတင်ဝင်း–ဒေါ်ရိန်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၅ လမ်း၊အမှတ် ၅၀၁(က)နေ ဒေါက်တာစိန်ရှမ်း–ဒေါ်ကေသီလွင်တို့၏ အစ်မ၊ ဦးမောင်မောင်ခင် – ဒေါ်တင်တင်လှ၊ ဦးတင်နိုင်ဝင်း–ဒေါ်ဝင်းမြင့်၊ ဦးခင်လှိုင်–ဒေါ်ကျင်ဌေး၊ ဦးအောင်နိုင်–ဒေါ်ခင်မြင့်၊ ဦးထိန်ဝင်း–ဒေါ်ရင်နု၊ ဦးတင်နိုင်ထွေး–ဒေါ်ခင်ခင်နွဲ့အောင်တို့၏အစ်မကြီး၊ တူ တူမ ၁၄ ယောက်တို့၏ဒေါ်ကြီးသည် ၁၈–၈–၂၀၀၄ရက် နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊ရေချမ်းစင် ဒါယိကာမကြီး
ဒေါ်ချို့နွယ်ဦး(ခ) ဒေါ်ဆွေဆွေ
အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သိန်း–ဒေါ်ညွန့်ညွန့်)တို့၏သမီးထွေး၊ ရေနံချောင်းမြို့နေ (ဦးဗလ–ဒေါ်မြရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၂၇၅၊ ရာဇသင်္ကြန် ၇ လမ်း၊ (၁၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်ဇော်၏ဇနီး၊ ဒေါက်တာဦးတင်ဝင်း–ဒေါ်ခင်သန်းရီ၊ ဦးဝင်းထိန်–ဒေါ်အေးကြည်မြင့်၊ ဦးစိုးငြိမ်း–ဒေါ်သန်းသန်းအေး၊ ဦးကျော်မောင်သိန်း–ဒေါ်နီနီဝင်း၊ ဦးစံလင်း–ဒေါ်မြညွန့်ဦးတို့၏ညီမထွေး၊ ဒေါ်သန်းသန်း၊ ဦးရဲဇော်–ဒေါ်မြင့်မြင့်ဆွေ၊ ဦးဖေဆန်း–ဒေါ်သန်းသန်းဌေး၊ ဦးဖေသန်း–ဒေါ်ကြူကြူသိန်းတို့၏ညီမသည် ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၆ နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U G. Hirjee
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
အမှတ်(၁)စက်မှုဝန်ကြီးဌာန(မန္တလေး)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၅၊ အခန်း ၀၀၃ နေ ဒေါ်မြူရီ၏ခင်ပွန်း၊ ပုသိမ်မြို့နေ ဦးကျော်မြင့်–ဒေါ်ခင်သန်းလွင်၊ ဒုတိယဗိုလ်မှူးကြီးတင်မျိုးတင့်–ဒေါ်မာလာလွင်၊ ဦးဒေါ်နယ်–ဒေါ်မေလှဲ့လှဲ့ချို၊ ရန်ကုန်မြို့နေ ဦးသန်းဦး–ဒေါ်ဂျယ်ရဒင်း၊ ဦးဂျယ်ရီ–ဒေါက်တာဒေါ်အေးအေးသန်း၊ ဦးစတင်လီ–ဒေါ်မေရီကာတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၈–၈–၂၀၀၄ရက် ညနေ ၃း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀–၈–၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် တာမွေ စိန့်ဖရန့်စစ်ဘုရားရှိခိုးကျောင်းမှ ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pastor Thawng Za Kim
B.A.(Philo). M.Div
Zolintui Mission
Asst.Pastor Harvester
Charition Centre (A.O.G)
အသက်(၅၆)နှစ်

ချင်းပြည်နယ်၊ Tedim မြို့နယ်၊ Tvithang ကျေးရွာနေ Pu Zel Khua Kai – Pi Ciang Khua Niang တို့၏ဒုတိယသား၊ ကလေးမြို့၊ ပင်လုံ(၉)နေ Pu Tun Za Thang– Pi Luan Khua Pau တို့၏ သားသမက်၊ Pa Cin Go Kap (သမဦးစီးဌာန၊ ငြိမ်း) – Siama Uang Khua Lian တို့၏ညီ/မောင်၊ Nu Luan Za Ciin – Pev Suan Do Pau၊(Nu Nuam Za Cing)– Saya Thuam Go Thang (H/D B.E.H.S,Kanpetlet)၊ Wa Cing Za Vang– Rev Dr.Thuom Klan Thang၊ Wo Thang Lam Mare Pa Thang Khen Kap၊ Pa Cin Za Hu Pau Q Lengtong Pauno– Nu Ngoih Khau Dim၊ Saya Cin Lian Thang (Dip in F.T.B.C)၊ Nu Luan Za Lun Pa Thang Kho Lian ၊Pa Khan Sawm Piang– Nu Liang Ngaih Nuam Cing ၊ Nu Cing Lun Man – Pa Gin Hau Mang၊ Tg. Wang Cin Suom ၊ Lia.Cing Khan Dim၊ Tg. Khai Suan Lian Za Mung၊ Lian Zen Lam Cingတို့၏အစ်ကို၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အဘယသုဒ္ဓိလမ်း၊ အမှတ် ၂ နေ Nu Ning Hau Cing ၏ခင်ပွန်း၊ Lia niang lan kin(B.A Eco)၊ Nu Pau Ngaih Lun (Second year E.co)– Pa Zuan Khan Thang၊ Tg.Kai Lian Kh(Third year Law)၊ Lia Ciin Suan Cing (First year Psy)၊ Tg. S. Tvang Sian Sang (ဒသမတန်း၊ ကလေးမြို့)၊ Tg.O.Kap Sian Siam(အဋ္ဌမတန်း၊အထက–၂၊ တာမွေ)တို့၏ဖခင်၊ Pu Ngun Than Siam၏အဘိုးသည်၁၅–၈–၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် နံနက် ၁၁နာရီတွင် အမှတ် ၁၄၃၊မင်းရဲကျော်စွာလမ်း၊ မြန်မာနိုင်ငံနှစ်ခြင်းဌာနချုပ်ဝင်းရှိ အောက်မေ့ဖွယ်ခန်းမတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့်ဓမ္မလေးဘုရား ကျောင်းမှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအေးနု
ညွှန်ကြားရေးမှူး(ငြိမ်း)အကျဉ်းဦးစီးဌာန
အသက်(၉၁)နှစ်

သုံးဆယ်မြို့(ဦးပု–ဒေါ်ငွေစင်)တို့၏သား၊ (ဦးအေးထွန်း)– ဒေါ်လှမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၉၊ ရေတွင်းကုန်း ၃ လမ်းနေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ ဦးဟန်တင် – ဒေါ်ခင်မာကြည်၊ ဦးညွန့်ဟန် (အကျဉ်းဦးစီးဌာန) – ဒေါ်မြင့်မြင့်သန်း (တွဲဖက်ပါမောက္ခ၊ ရူပဗေဒ၊ တောင်ဥတက္ကသိုလ်)၊ ဦးဌေးဝင်း (မန်နေဂျာ၊ MPPE၊ မြောင်းမြမြို့)–ဒေါ်မြင့်မြင့်ဦး၊ ဦးဇော်ဝင်း–ဒေါ်ခင်ဝင်းရီ၊ဦးအောင်မြင့်–ဒေါ်သက်သက်ခိုင် (လ/ထ ကထိက၊ သမိုင်း၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်သူဇာအေး(Plastic World)၊ ဒေါ်ညိုညိုအေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဇရပ်၊တန်ဆောင်းဒါယကာ
ဦးဘရွှေ (ထားဝယ်)
(ဆေးနှင့်စာအုပ်ဆင်ဒီကိတ်ဆိုင်)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၇၊ ဓမ္မစိန္တာ ၁ လမ်း၊ကျောက်မြောင်းနေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးမြင့်သိန်း – (ဒေါ်သန်းနွဲ့) (စန္ဒီဝိုက် စက္ကူအရောင်တင်လုပ်ငန်း)၊ (ဦးမောင်စိုး)–ဒေါ်အေးမူ၊ ဒေါ်သန်းမူ၊ ဒေါ်တင်တင်နွယ်တို့၏ဖခင်၊ ဒေါ်လှဲ့လှဲ့ချိုသိန်း(Physiotherapist၊ အကြောအဆစ်ဆေးကုဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ မရီရီချိုသိန်း(တတိယနှစ်၊ ဆေးတက္ကသိုလ်–၁၊ ရန်ကုန်)၊ မောင်ဝင်းနိုင်စိုး(အောင်မင်္ဂလာ ရေဒီယိုကက်ဆက်ပြုပြင်ရေး၊ ထားဝယ်)တို့၏အဘိုးသည် ၁၇–၈–၂၀၀၄ရက် နံနက် ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်လေး
ဒိုင်းမွန်းဘိလပ်ရည်နှင့် အချိုရည်စက်(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၃၇ နေ ဦးမောင်မောင်ဘ – ဒေါ်အေးချိုတို့၏ သားလတ်၊ ဒေါ်အုံးကြည်၏ခင်ပွန်း၊ (ဦးလှသိန်း)–ဒေါ်မြင့်မြင့်ခင်၊ ဦးထွန်းမြင့်–ဒေါ်ခင်မေသန့်၊ ဦးဝင်းမြင့်(အလုံသင်္ဘောကျင်းစက်ပြင်ဌာန)–ဒေါ်ချိုချိုမြင့်၊ ဦးခင်မောင်ဝင်း–ဒေါ်ရီရီအေးတို့၏ဖခင်၊ ကိုမျိုးညွန့်၊ ကိုညီညီ (FAME မိတ်ကပ်၊ဆံပင်)၊ မလွင်လွင်မြင့်၊ မဆွေမွန်ထိုက်(စက်မှုဘဏ်)၊ မအေးပပထွေး၊ မောင်ရန်နိုင်အောင်၊ မခင်ချိုလှိုင်၊ မပုံပုံတို့၏အဘိုးသည် ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမင်းမင်းကြည်
အသက်(၃၀)

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊မဂ္ဂင်ကျောင်းလမ်း၊အိမ်အမှတ် ၂၄၀နေ ဦးစောအောင်ကြည်(Giwin Shipping) – ဒေါ်ညွန့်ကြည်တို့၏ သမီးကြီး၊ အင်းစိန်မြို့နယ်၊အမှတ် ၁၁၁၊ နံ့သာကုန်းရိပ်သာလမ်းနေ ဦးထွန်းထွန်း(အား/ကာ)–ဒေါ်ခင်သန်းမြင့် (အန်တီလေး) (မြန်မာယူရိုဝေါလ်ကုမ္ပဏီ)တို့၏ သမီးချွေးမ၊ ဦးထွန်းထွန်းအောင်–ဒေါ်အေမီကျော်၊ မစန္ဒာအောင်၊ မောင်အောင်သူရကျော်–မနန္ဒာအောင်၊ မောင်နေလင်းအောင်တို့၏အစ်မ၊ မအေးအေးငြိမ်း၊ မသွယ်သွယ်ထွန်းတို့၏ညီမ၊ ဦးမင်းသိန်းထွန်း၏ဇနီး၊ မောင်ဟိန်းထက်စံ(ဖိုးသား)၊ မောင်ရဲဝင့်အောင်(ဖိုးဆို)တို့၏မိခင်သည် အင်းစိန်ဆေးရုံ၌ ၁၇–၈–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်တော်ပြန်မြတ်စွာဘုရားကြီးနှင့် ဘုန်းတော်ကြီးဦးသီလစေတီဂေါပကအဖွဲ့၏သြဝါဒါစရိယ ရွှေကျင်နိကာယ ရတညျမဟာနာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဆဋ္ဌသံဂီတိဘာဏက ဆဋ္ဌသံဂီတိကာရက ဂန္ဓာရုံကျောင်းတိုက်၏ပဓာနနာယက
ဆရာတော် ဘဒ္ဒန္တ ကောသလ္လ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့၊ ဂန္ဓာရုံကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တကောသလ္လသည် ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၇–၈–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၁း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၆ ရက်(၂၁–၈–၂၀၀၄ရက်) စနေနေ့တွင် အဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေတပည့်အပေါင်းနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားပါသည်။ တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စိန်ပန်းဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယက လဋ္ဌိပေသလ သိက္ခာကာမဖြစ်တော်မူသော ဘဒ္ဒန္တ စိန္တိတာလင်္ကာရ နယ်လှည့်ဓမ္မကထိကဖြစ်တော်မူသော ဆရာတော်သည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူမြို့၊ စိန်ပန်းဓမ္မရိပ်သာကျောင်းတိုက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၇ ရက်(၂၂–၈–၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပန ပူဇာသဘင်ကိုပြုလုပ်မည်ဖြစ်ကြောင်းသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိဘာဂီ (ဦးဇင်းတိန်း)
(ပုပ္ပား၊ ချိုင်းရွာ)
သက်တော်(၇၀)၊ သိက္ခာတော်(၃၈)ဝါ

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)ဝိုင်း၊ မှတ်ပုံတင်ကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဘာဂီ(ဦးဇင်းတိန်း)သည် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၃ ရက် (၁၈–၈–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၅ ရက် (၂၀–၈–၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူဒါယကာ၊ဒါယိကာမများ။

ဗိုလ်ကြီးစစ်နိုင် (ငြိမ်း)
B.Sc. (Engg:) Civil
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းစိန်–ဒေါ်ဖွားမြိုင်)တို့၏သား၊ ရန်ကုန်မြို့၊အနောက်ပိုင်း၊ လမ်းမတော်ရပ်နေ (ဦးစိုင်လုံ–ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၄၊ မြရတနာခြံ၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ ဒေါ်မြမြဝေ(မြ)၏ခင်ပွန်း၊ ဦးသန်း–ဒေါ်ကျင်မြိုင်၊ (ဦးတင်ညွန့်)–ဒေါ်တင်ဥ၊(ဦးမြလှိုင်–ဒေါ်သောင်းခင်)တို့၏ညီ၊ ဦးကျော်စိန်လင်း–(ဒေါ်အေးမြင့်)၊ ဦးအုန်းမောင် (မန်နေဂျာ၊ CB Bank)– ဒေါ်ယဉ်ယဉ်မြတို့၏ အစ်ကိုသည် ရန်ကုန် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးတွင် ၁၅–၈–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅ နာရီ၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးမင်းမင်းထွေး(ခ) မင်းမင်း (ဗဟန်း)
(Second Year Psycho)
အသက်(၃၃)နှစ်

(ဦးသန်း–ဒေါ်တင်ညွန့်)တို့၏ သားထွေး၊ ဦးမြင့်ကြည်–ဒေါ်သိန်းမြင့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်၊ (၄၆)ရပ်ကွက်၊ အမှတ် ၁၃၁၊ ခပေါင်း ၆ လမ်းနေ ဒေါ်နန္ဒာဝင်း၏ခင်ပွန်း၊ မောင်သီဟထက်ဇော်(KG၊ အထက–၁၊ လသာ)၏ဖခင်၊ ဦးကျော်စိန်ဝင်း–ဒေါ်လှမြင့် (ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်)၊ ဦးမောင်မောင်ကြည်–ဒေါ်စိန်စိန်ဌေး၊ ဦးဌေးအောင်–ဒေါ်လီလီ၊ ဦးသိန်းဇော်–ဒေါ်ခင်စန်းတီ၊ ဦးဝင်းမြင့်–ဒေါ်နီနီအောင်၊ဦးသိန်းထွဋ်–ဒေါ်ဌေးဌေးလှ၊ ဦးဇော်ထွန်း–ဒေါ်မိချို၊ ဦးအောင်မိုး–ဒေါ်ဌေးဌေးဝင်း(အထက–၂၊ လသာ)တို့၏ညီ/မောင်သည် ၁၇–၈–၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ချင်ကျူဖတ်(ခ)ဦးအဖတ်
အသက်(၈၈)နှစ်

ဟင်္သာတမြို့၊အမှတ် ၄၈၊တာကလေးရပ်နေ (ဒေါ်ရှူးဖုန်းရှီ)၏ခင်ပွန်း၊ ဒေါ်လှမြင့်–ဦးစိန်ဝင်း၊ ကိုခိုင်ဦး၊ ကိုသောင်းထွန်း–ဒေါ်ထွေးထွေးရီ၊ ကိုမောင်မောင်ခိုင်၊ ဒေါ်မြင့်မြင့်အေး–ဦးစိုးမောင်၊ ဒေါ်နီနီ–ဦးထင်ချိုတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့အဘိုးသည် ၁၇–၈–၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် အမှတ် ၂၂၅၊ ၂၉လမ်း(အထက်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Ni Har (ခ)ဒေါ်နီထား
(ဟားခါးမြို့၊ဈေးသစ်ရပ်ကွက်)
အသက်(၅၀)

ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်နေ(Pu Ral Hli–Pi Mang Ziar)တို့၏ သမီးကြီး၊ မြောက်ဒဂုံနေ Pu Tawk Mang – Pi Mang Zil, Pu Lian Hmung – Pi Ni Ma, Pu Thang Hmun, Mai Ngun Ngun , Pi Cer Ki – Pu Ral Awr, Pi Khuang Vang – Pu Paw Lian Lun, Pu Ceu Dun – Pi Tin Kyi, Pu Kep Hnin– Pi Hniang Bawi, Capt. Thawng Lin– Pi Sui Tial, Pi Khuang Zing – Pu Ngun Hram, Pu Biak Hlun၊ Pi Sai Nawn – Pu Ram Uk တို့၏အစ်မ၊ Pa Than Mang, Pa Tawk Hnin Sang – Kyi Kyi Htay, Bawi Len Sung, Ngun Hlei Tial – Tha Kung, Sui Chin Par, Biak Cin Thang တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၁၇–၈–၂၀၀၄ရက် ည ၇ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ် ၃၉ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အင်းစိန်–MIT ရှေ့၊ ယုဇနမြို့တော်၊ မြောက်ဒဂုံ – မန္တလေးမှတ်တိုင်နှင့် G.F.A ကျောင်းများမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

လေးယူနစ်ပတ်လည်ပုံနှိပ်စက်ကြီးနှစ်လုံး အိန္ဒိယနိုင်ငံမှရောက်ရှိ ပုံနှိပ်စက်များစနစ်တကျတပ်ဆင်ရေး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်ကုန်သေတ္တာဆိပ်ကမ်းသို့သွားရောက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)၌ တပ်ဆင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေးယူနစ်ပတ်လည်ပုံနှိပ်စက်ကြီးနှစ်လုံးကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုံနှိပ်စက်သစ်ကြီးနှစ်လုံးကို ကုန်သေတ္တာများဖြင့် အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)သို့သယ်ယူရန် မော်တော်ယာဉ်များပေါ်တွင် တင်ဆောင်ထားသည်ကို ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုး၊ ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်)ဦးကျော်သူနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပုံနှိပ်စက်သစ်ကြီးနှစ်လုံးကို အစိုးရပုံနှိပ်တိုက်စက်ရုံ (မန္တလေးမြို့)သို့ သယ်ယူရာတွင် စက်သစ်ကြီးများနှင့်စက်အစိတ်အပိုင်းများ ကုန်သေတ္တာများအတွင်း ထိခိုက်ပျက်စီးမှုမရှိစေရန်ဆောင်ရွက်ရေး၊ လမ်းခရီးတစ်လျှောက် အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျသယ်ယူရေး၊ အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)မြို့သို့ရောက်ရှိသည့်အခါတွင်လည်း ပုံနှိပ်စက်များကို စည်းကမ်းစနစ်ကျနစွာ တပ်ဆင်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ကုန်သေတ္တာများအတွင်း စက်ပစ္စည်းများ ထည့်သွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို တတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည် နံနက် ၁၀နာရီ ၄၅ မိနစ်တွင်ရောက်ရှိလာပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ အပေါ်ထပ်နှင့် အလယ်ထပ်တို့၌ ခင်းကျင်းပြသထားသော ကျောက်မျက်တွဲများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုလေ့လာ

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ယနေ့ ညနေ ၅ နာရီအထိ *စာမျက်နှာ ၈ ကော်လံ ၄* ■

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၁၈–၈–၂၀၀၄

မင်္ဂလာဒုံ	၂ ဒသမ ၄၈ လက်မ
ကမ္ဘာအေး	၂ ဒသမ ၄၄ လက်မ
ရန်ကုန်မြို့လယ်	၂ ဒသမ ၆၀ လက်မ

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းထွက်ခွာ အောင်မြင်မှုရရှိရေး အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားမည်

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အယ်လ်ဂျီဖလား (LG Cup) ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင် (ဒဂုံအင်တာနေရှင်နယ်လီမိတက်)၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်ကို၊ အတွင်းရေးမှူး ဦးတင်အောင်၊ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယရဲမှူးကြီးခင်ထွန်း၊ ဦးလှရွှေလေးနှင့် အားကစားသမားများ၏ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ပါဝင်ယှဉ်ပြိုင်သွားမည့် အနေအထားနှင့် ကြိုတင်ပြင်ဆင်မှုများကို သိရှိနိုင်ရန် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးဝေယံအောင်

ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင်အားတွေ့ဆုံမေးမြန်းရာတွင် "မိမိတို့ မြန်မာအသင်းအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်း ပြည့်ဝကောင်းမွန်မှုကို အခြေခံကာ အောင်မြင်မှုရရှိရေး အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အုပ်စုမှ ကျော်ဖြတ်နိုင်ရေးအတွက် ရှိသမျှအင်အားကို ထုတ်ပြီး အဓိကထား ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အုပ်စု၌ အိမ်ရှင် ဗီယက်နမ်အသင်းနှင့် လက်ရှိချန်ပီယံ အိန္ဒိယလက်ရွေးစင်အသင်းတို့ပါဝင်၍ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ အုပ်စုတက်လျှင် အကြို ဗိုလ်လုပွဲကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲရောက်ရန် အလားအလာ ကောင်းနိုင်ကြောင်း၊ မိမိအနေဖြင့် မြန်မာအသင်း ဗိုလ်လုပွဲတက်ရောက်ပြီး အနိုင်ရ ဗိုလ်စွဲသည်အထိ အဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် အပြည့်အဝ ပံ့ပိုးကူညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာအသင်း၏လက်ရှိ



အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင်။ (မြန်မာ့အလင်း)

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

ကမ္ဘာတစ်လွှားထူးထူးခြားခြား



ကြောက်စရာအသွင်ဆောင်သောငါးမျိုးစိတ်

နော်ဝေသိပ္ပံပညာရှင်များသည် အတ္တလန္တိတ်သမုဒ္ဒရာရေနက်ပိုင်းတွင် နေထိုင် ကျက်စားကြသော ရေသတ္တဝါမျိုးစိတ်များကို စူးစမ်းလေ့လာလျက် ရှိကြသည်။

၎င်းတို့ ရှာဖွေတွေ့ရှိခဲ့သော ငါးနှင့် ပြည်ကြီးငါးမျိုးနွယ်စိတ်သစ် များစွာအနက်မှ ကြောက်စရာအသွင်ဆောင်သော ငါးမျိုးစိတ်တစ်ကောင်ကို တွေ့ရပုံဖြစ်သည်။

(ဝဲပုံ)

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့စတုတ္ထအကြီးဆုံးစိန်တုံး

(ယာပုံ)မှာ ၄၅ ဒသမ ၅ ကရက်ရှိသော"ဟုပ်"အမည်ရှိစိန်တုံးကြီးကို တွေ့ရပုံဖြစ်သည်။ အဆိုပါ စိန်တုံးသည် ရှာဖွေတွေ့ရှိသမျှသော စိန်တုံးများတွင် စတုတ္ထမြောက် အကြီးဆုံးစိန်တုံးဖြစ်သည်။အနောက်အာဖရိကရှိ ဂီနီနိုင်ငံတွင် လူငယ်တစ်ဦးရှာတွေ့ခဲ့သော စိန်တုံးမှာ ၁၈၂ ကရက်ရှိသည်ဟုဆိုသည်။ **(ဓာတ်ပုံ–အင်တာနက်)**